# အေးချမ်းမြိုင်-၂ ကျေးရွာ

## ဘုတ်ပြင်း၊ တနင်္သာရီတိုင်း



**ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၂၂-၂၀၂၃)**

**ပြုစုရေးဆွဲသူ**

**ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့**

**အေးချမ်းမြိုင်-၂ ကျေးရွာ၊ ဘုတ်ပြင်းမြို့နယ်**

**(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊**

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကူညီရေးဆွဲသည်)**

**၂၀၂၃ ခုနှစ်၊ မတ်လ**

# မာတိကာ


၁။ စကားချီး ........................................ 1

၂။ ရည်ရွယ်ချက် ........................................ 2

၃။ ပထဝီအနေအထားနှင့်သဘာဝသယံဇာတအရင်းမြစ်များ ........................................ 3

(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား ........................................ 3

(ခ) သဘာဝအရင်းမြစ်များ ........................................ 4

၃။ စီမံကိန်းဇယားများ ........................................ 5

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ ........................................ 5

(၁.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ ........................................ 5

(၁.၂) အလုပ်လုပ်နိုင်သူအင်အား ........................................ 6

(၁.၃) သဘာဝရင်းမြစ်များ ........................................ 11

(၁.၄) ဥစ္စာဓနအဆင့်အခြေအနေ ........................................ 12

(၁.၅) ထိခိုက်လွယ်မှု ........................................ 13

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ ........................................ 17

(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ ........................................ 17

(၂.၂) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ ........................................ 20

(၂.၃) ရွှေ့ပြောင်းလုပ်သားများ ........................................ 28

(၂.၄) ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက် ........................................ 31

(၂.၅) ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း ........................................ 31

(၂.၆) ပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်များစီမံခန့်ခွဲမှု ........................................ 33

(၂.၇) ပညာရေး ........................................ 33

(၂.၈) ကျန်းမာရေးနှင့်အာဟာရ ........................................ 36

(၂.၉) ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ........................................ 38

(၂.၁၀) ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ ........................................ 41

(၂.၁၁) အခြေခံအဆောက်အဦများအခြေအနေ ........................................ 42

(၂.၁၂) လျှပ်စစ်မီးရရှိမှု.................... 🗐🗐

(၂.၁၃) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ.................... 🗐🗄

(၂.၁၄) ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး.................... 🗐🗄

(၂.၁၅) ကျေးရွာတည်ငြိမ်ရေးနှင့်ဘေးကင်းလုံခြုံရေးအခြေအနေ.................... 🗐⌛

၅။နောက်ဆက်တွဲများ.................... 🗐🖮

## ၁။ စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစမှ ၂၀၂၀/၂၁ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဆုံးသော လူထုပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာပံ့ပိုးပေးသည့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ၊ ကျေးလက် ဒေသ ဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာနအားအထူးပင်ကျေးဇူးတင်ရှိပါသည်။အရေးကြီးသောအချက်အလက်များနှင့်အကြံညဏ် များ တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင်ကျွန်ုပ်တို့ကိုယ်တိုင်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း ကျေးရွာလူထုစနစ်တကျ ပူးပေါင်းဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်း များကို မသိရှိခဲ့ကြပါ။ ဤလုပ်ငန်းစနစ်ကြောင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိနားလည်လာခဲ့ရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကဲ့ သို့သော ကိန်းဂဏန်းအချက်အလက်များရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့အပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်းအချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာ များမှတစ်ဆင့် ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိလာခဲ့ပါသည်။

ယခုရရှိသော အစီအစဉ်ကို ထပ်မံရရှိသောကိန်းဂဏန်းအချက်အလက်များ ထပ်မံဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်ပြည့်စုံလာမည်ဖြစ်ပါသည်။ ဤလုပ်ငန်းစဉ်သည် ထပ်မံဖြည့်စွက်လုပ်ဆောင်ရမည့်လုပ်ငန်း ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု ထက်ဝန်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုလုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရမည်ဖြစ်သည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန်ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ပံ့ပိုးမှုများ ဆက်လက်ရရှိမည်ဟု မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာတိုးတက်မှု အခြေအနေများ ကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိမည်ဟု ယုံကြည်မိပါသည်။

**မတ်လ၊၂၀၂၃** **အေးချမ်းမြိုင်-၂ ကျေးရွာ**

**ဘုတ်ပြင်းမြို့နယ်**

## ၂။ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်သည့် အစီအစဉ်ဖြစ်ပါသည်။ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်းသတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြသည်။ ထို့အပြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးနှင့် ဌာနဆိုင်ရာများမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါသတိပြုမိလာကြသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးအခြေအနေနှင့် ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာဖြစ်ရသည့်အကြောင်းရင်းများ၊ ဖွံ့ဖြိုးရေးကို အထောက်အပံ့ဖြစ်စေသောအကြောင်းအရာများနှင့် အဟန့်အတားဖြစ်စေသောအရာများ၊ ငါးနှစ်တာကာလအပြီးတွင် ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေဖြင့်ဆောင်ရွက်မည့် နည်းဗျူဟာများနှင့် စီမံချက်များကို ရှင်းလင်းစွာဖော်ပြထားသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်ဆံရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ဖွံ့ဖြိုးရေးနှင့် ဆက်နွယ်သူအားလုံးတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုကို သိရှိစေရန်မျှော်လင့်ပါသည်။

## ၃။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

အေးချမ်းမြိုင်-(၂)ကျေးရွာသည် ဘုတ်ပြင်းမြို့မှ ကော့သောင်းမြို့သို့သွားသော ကားလမ်းမကြီးပေါ်တွင် တည်ရှိပြီး၊ ဘုတ်ပြင်းမြို့နှင့် (၅)မိုင်ခန့်ကွာဝေးပါသည်။ ထိုလမ်းမကြီး၏ လမ်းဘေးဝဲယာများတွင် နေအိမ်များ ဆောက်လုပ်ထားသော ရွာလေးတစ်ရွာဖြစ်ပါသည်။ ထို့ကြောင့် မြို့များသို့သွားရန် လမ်းပန်းဆက်သွယ်ရေးမှာ အလွန်ကောင်းမွန်ပါသည်။ အေးချမ်းမြိုင်-(၂)ကျေးရွာ၏ ရာသီဥတုမှာ နွေရာသီ၊ မိုးရာသီနှင့် ဆောင်းရာသီဟူ၍ ရာသီဥတု(၃)မျိုးရှိပါသည်။ နတ်တော်လမှ တန်ခူးလအထိ နေပူပါသည်။ တန်ဆောင်မုန်းလမှ တန်ခူးလအထိ နေသာပြီး ကဆုန်လမှ သီတင်းကျွတ်လအထိ မိုးရွာလေ့ရှိပါသည်။ ကျန်လများတွင် နေတပြက် မိုးတပြက် ရာသီဥတုမျိုးရှိပါသည်။ ထိုကျေးရွာသည် အမြန်ကားလမ်းမပေါ်တွင် တည်ရှိပြီး၊ ကုန်းပိုင်းကျသော နေရာတွင်တည်ရှိပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကျေးလက်အသက်မွေးဝမ်းကျောင်းနှင့်ဝင်ငွေမြှင့်တင်ရေးစီမံကိန်း

ဘုတ်ပြင်းမြို့နယ်၊စီမံကိန်းကျေးရွာအုပ်စုများအခြေပြမြေပုံ



### (ခ) သဘာဝအရင်းမြစ်များ

အေးချမ်းမြိုင်-(၂)ကျေးရွာတွင်စိုက်ပျိုးရေးကို အဓိကလုပ်ကိုင် စားသောက်ကြသည်။ ဉယျာဉ်ခြံ စိုက်ပျိုးမြေကေမှာ (၉၂၁)ကေခန့် ရှိပြီး ကွမ်းသီးနှင့် ရာဘာကို အဓိကစိုက်ပျိုးကြသည်။ အခြားရာသီပေါ် ဟင်းသီးဟင်းရွက်များကိုလည်း စိုက်ပျိုးကြသည်။ စိုက်ပျိုးရေအဖြစ် ချောင်းရေကို အသုံးပြုကြသည်။




**အရင်းမြစ်ပြမြေပုံ**

## ၃။ စီမံကိန်းဇယားများ

**ကျေးရွာ- အေးချမ်းမြိုင်-(၂)** **အုပ်စု- ကမာချောင်း** **ရက်စွဲ-၁.၃.၂၀၂၃**

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

### (၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

### (၁.၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏% |
|---|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၄ | ၆ | ၁၀ | ၂.၆ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၁၂ | ၁၄ | ၂၆ | ၆.၈ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၂၆ | ၂၁ | ၄၇ | ၁၂.၄ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၂၈ | ၂၇ | ၅၅ | ၁၄.၅ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၁၄ | ၁၁၄ | ၂၂၈ | ၆၀ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၈ | ၆ | ၁၄ | ၃.၇ |
| **စုစုပေါင်း လူဦးရေ = ၃၈၀** | | **၁၉၂** | **၁၈၈** | **၃၈၀** | **၁၀၀** |
| **စုစုပေါင်း အိမ်ထောင်စု - ၈၁** | | **တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ - ၄.၇** | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ အေးချမ်းမြိုင်-၂ ကျေးရွာတွင် အိမ်ထောင်စု (၈၁) စု ရှိပြီး၊ လူဦးရေ စုစုပေါင်း (၃၈၀) ဦး ရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၄.၇) ဦး ရှိပါသည်။ အသက် (၁၅ နှစ် မှ ၆၄ နှစ်) အထိ အလုပ်လုပ် နိုင်သော လူဦးရေမှာ ၆၀% ရှိပြီး (၁၅) နှစ်အောက် လူဦးရေနှင့် အသက် (၆၀) နှစ်အထက် လူဦးရေ စုစုပေါင်း ၄၀% သည် မှီခိုသူများ ဖြစ်ကြပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၄.၇) ဦးနှုန်း ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၅) ဦး နှုန်းထက် လျော့နည်းနေပါသည်။ သို့သော်လည်း ကျေးရွာအတွင်း လုပ်အားအရင်းအမြစ် ရှိသည်ဖြစ်သောကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာလျှင် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးအတွက် အထောက်အကူပေးနိုင်ပါသည်။

## (၁.၂) အလုပ်လုပ်နိုင်သူ အင်အား

### (၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက်လုပ်ကိုင်သူဦးရေ | ရပ်တည်နိုင်မှု (နှမ်း၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| ၁ | **စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅၄ | ၆၆.၇ | ၉၄ | ၅ | လတ် (ဥယျာဉ်ခြံ) |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁၆ | ၁၉.၇ | ၂၆ | - | |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | ၁ | နှမ်း(ကြက်)တစ်ပိုင်တစ်နိုင် မွေးမြူရေး သာ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | |
| ၃ | **ငါးဖမ်း လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁ | ၁.၂ | ၂ | - | နှမ်း |
| ၄ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | |
| ၅ | **ထုတ်ကုန်လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | |
| ၆ | **လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | |
| | အလုပ်သမား၊ ကျပန်း၊ | - | - | - | - | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက်လုပ်ကိုင်သူဦးရေ | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | ရာသီအလိုက် အလုပ်သမား | | | | | |
| **၇** | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂.၅ | ၂ | - | လတ်(ပန်းရံ) |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | |
| **၈** | **ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | |
| **၉** | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | ၁ | နိမ့် |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | |
| **၁၀** | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၃.၇ | ၆ | ၁၀ | နိမ့်-လတ် (ကုန်စုံဆိုင်၊ လက်ဖက်ရည်ဆိုင်၊ ဈေးရောင်း) |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | - |
| **၁၁** | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | - |
| **၁၂** | **ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | - |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက်လုပ်ကိုင်သူဦးရေ | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| ၁၃ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | - |
| ၁၄ | **အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | - |
| ၁၅ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၃ | ၃.၇ | ၄ | - | နိမ့်-လတ်(စစ်မှုထမ်း) |
| ၁၆ | **ပညာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၂ | ၂.၅ | ၅ | ၁ | လတ်(ဆရာ/ဆရာမ) |
| ၁၇ | **ကျန်းမာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | - |
| ၁၈ | **လူမှုရေး လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | - |
| ၁၉ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | - |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက်လုပ်ကိုင်သူဦးရေ | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| ၂၀ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies, etc.,)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | - |
| | **စုစုပေါင်း** | **၈၁** | **၁၀၀** | **၁၃၉** | **၁၈** | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ အေးချမ်းမြိုင်-၂ ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေစုစုပေါင်းမှာ (၂၂၈)ဦးဖြစ်ပြီးကျား (၁၁၄)ဦးနှင့်မ (၁၁၄) ဦးရှိသောကြောင့်အမျိုးသား နှင့် အမျိုးသမီး လုပ်သားအင်အားမှာ တူညီနေပါသည်။အေးချမ်းမြိုင်-၂ ကျေးရွာတွင် ဥယျာဉ်ခြံ နှင့် စိုက်ပျိုးရေး လုပ်ငန်းကိုသာ အဓိကထား လုပ်ကိုင်ကြ သည်ကိုတွေ့ရှိရပြီး ကျေးရွာရှိ အိမ်ထောင်စုအားလုံး၏ ၆၇.၉% ရှိသည်ကို တွေ့ရှိရပါသည်။ စိုက်ပျိုးရေးလုပ်ငန်းအပေါ် ရပ်တည်မှုသည် အလယ်အလတ် အဆင့်တွင် ရှိပါသည်။ အကြောင်းအရင်းမှာ စိုက်ပျိုးထားသော နှစ်ရှည်ပင်များသည် သီးနှံထွက် ရှိသည့် အရွယ်သို့မရောက်ရှိခြင်း၊ သွင်းအားစုများအတွက် ငွေအရင်းအနှီး မလုံလောက်ခြင်း တို့ကြောင့် ဖြစ်သည်။ ကျေးရွာအတွင်းရှိ ဥယျာဉ်ခြံစိုက်ပျိုးသူများသည် ရာသီပေါ်သီးနှံပင်နှင့် နှစ်ရှည်ပင်များကို ရောစပ်စိုက်ပျိုးကြသည်။

### (၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၁ | စိုက်ပျိုးရေးလုပ်ငန်း | နေ့စား | ၁၀၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၄၀၀၀ | တောခုတ် |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - | တစ်နိုင်တစ်ပိုင် |
| ၃ | ငါးလုပ်ငန်း - ရေချို/ရေငန် | နေ့စား | - | - | - | - | မရှိ |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| | ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း | | | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝ ရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - | မရှိ |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - | မရှိ |
| ၆ | ဆောက်လုပ်ရေး၊ လက်သ မား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၀၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၄၀၀၀ | ပန်းရံဆရာနှင့် လုပ်သား |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - | မရှိ |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - | တစ်နိုင်တစ်ပိုင် |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | - | - | - | - | မရှိ |
| ၁၀ | ဟိုတယ်နှင့် စားသောက် ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - | ကိုယ်ပိုင် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်**

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ အမျိုးသား အမျိုးသမီး လုပ်အားတူမျှမှု မရှိသောကြောင့် လုပ်အားခ တန်းတူမရရှိပေ။ အမျိုးသမီးအများစုမှာ ကိုယ်ပိုင်ဥယျာဉ်ခြံနှင့် တောခုတ်သည့်အလုပ်များကို လုပ်ကိုင်ကြသည်။တကယ်လုပ်လျှင် တစ်ရက်လုပ်အားခအနည်းဆုံး (၄၀၀၀) ကျပ်ရမှသာ လုပ်ကြပါသည်။

## (၁.၃) သဘာဝ ရင်းမြစ်များ

### (၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (ကောင်း/သင့်/ညံ့) | ရေအရင်းအမြစ် |
|---|---|---|---|
| လယ်မြေ | - | - | - |
| ယာမြေ | - | | - |
| တောင်ယာမြေ | - | - | - |
| ဥယျာဉ်ခြံမြေ | ၉၁၅ | ညံ့ | ချောင်းရေ |
| ကိုင်း/ကျွန်းမြေ | - | - | - |
| ဓနိတောမြေ | - | - | - |
| စားကျက်မြေ | ၆ | သင့် | - |
| ပလပ်မြေ | - | - | - |
| **စုစုပေါင်း** | **၉၂၁** | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**မှတ်ချက်**။ ။ ရေအရင်းအမြစ် - ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

**လေ့လာတွေ့ရှိချက်**။ ။ အေးချမ်းမြိုင်-၂ကျေးရွာရှိ အိမ်ထောင်စုအများစုသည် ဥယျာဉ်ခြံလုပ်ငန်းကိုသာအဓိကထား လုပ်ကိုင်ကြသည်။ စိုက်ပျိုးရေးတွင် လိုအပ်သောရေအရင်းအမြစ်ကို ချောင်းများမှ သုံးစွဲကြသည်။ မြေဆီလွှာအနေအထားမှာ ညံ့ပါသည်။

### (၁.၃.၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးချနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| ဟိုက်ဒရိုကာဗွန် (ဓာတ်ငွေ့/ရေနံ) | မရှိ | - |

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးချနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| ဓာတ်သတ္တု ရင်းမြစ် (ကျောက်မျက်၊ သတ္တု၊ ဂရမ်းနိုက်၊ ကျောက်မီးသွေး၊ ကျောက်၊ သဲ၊ ကျောက်စရစ်) | မရှိ | - |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | မရှိ | - |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | နည်း | ခက် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ ရှိချက်။** ။ကျေးရွာတွင် သဘာဝဓာတ်သတ္တုအရင်းအမြစ်များမရှိပါ။ သဘာဝတိရစ္ဆာန်မျိုးစိတ်များမရှိပါ။ သဘာဝမျိုးစိတ်ဆေးဖက်ဝင်အပင်များမှာ အနည်းငယ် ရှိသော်လည်း လူတို့သည် မည်သို့အသုံးပြုရမည်ကို မသိကြပါ။

## (၁.၄) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၄၀ဧက | ၁၀ဧက | ၅ဧက | မရှိ |
| အိမ်အခြေအနေ | တိုက်ခံ၊ ပျဉ်ထောင်၊ သွပ်မိုး | ပျဉ်ထောင်၊ သွပ်မိုး | ထရံကာ၊ဖက်မိုး | ထရံကာ၊ဖက်မိုး |
| ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သော ပိုင်ဆိုင်မှု | မြက်ခုပ်စက်၊ရေစုပ်စက် | မြက်ခုပ်စက်၊ရေစုပ်စက် | - | - |
| အဓိကစီးပွားရေး လုပ်ငန်း | ဥယျာဉ်ခြံ | ဥယျာဉ်ခြံ | ကျပမ်း(တောခုတ်) | ကျပမ်း(တောခုတ်) |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| အခြားပိုင်ဆိုင်မှု | ဆိုင်ကယ်၊မွေး မြူရေးတိရစ္ဆာန် များ | ဆိုင်ကယ် | ဆိုင်ကယ် | - |
| အိမ်ထောင်စု - | ၁၅ ( ၁၉ %) | ၃၃ ( ၄၁%) | ၂၀ ( ၂၄ %) | ၁၃ ( ၁၆ %) |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။အေးချမ်းမြိုင်-၂ကျေးရွာသည် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြပြီး ဆင်းရဲသော အိမ်ထောင်စုမှာကျေးရွာအိမ်ထောင်စု၏တစ်ဝက်ကျော်ကျော်ခန့်ရှိပါသည်။ကျေးရွာရှိမြေနေရာမှာလုပ်ငန်း ရှင်များဝယ်ယူပိုင်ဆိုင်ထားသဖြင့် ဆင်းရဲသားများလု ပ်ကိုင်စားသောက်ရန် မြေနေရာမရှိခြင်းတို့ကြောင့် အခြားကျေးရွာများတွင် ကျပမ်းအလုပ်များဖြင့် အသက် မွေးဝမ်းကျောင်းမှုပြုကြရသည်။ ဆင်းရဲသော မိသားစုနှင့် အလွန်ဆင်းရဲသောမိသားစုများမှာ ထရံကာ၊ဖက်မိုးအိမ်ကိုသာ ပိုင်ဆိုင်ကြပြီး အခြားပိုင်ဆိုင်မှု မရှိပါ။ စီးပွားအဆင့်အလယ်အလတ် ရှိသောမိသားစုများမှာ မြေယာပိုင်ဆိုင်မှု(၁၀ဧက)ကျော်ခန့် ပိုင်ဆိုင် ကြပြီး နှစ်ရှည်(ကွမ်း)ပင်နှင့် ရာသီပေါ်သီးနှံပင်တို့ကို စိုက်ပျိုးကြသည်။ မြက်ခုပ်စက်၊ ရေစုပ်စက်တို့လည်း ရှိကြသည်။ ဆိုင်ကယ်၊ တီဗွီနှင့် စလောင်းတို့ လည်းရှိကြသည်။ အိမ်အခြေနေမှာ ပျဉ်ထောင်ကာ ၊သွပ်မိုး အိမ် ဖြင့် နေထိုင်ကြသည်။ အဆင်ပြေသော မိသားစုမှာ နှစ်ရှည်(ကွမ်း)ပင် နှင့်ရာသီပေါ်သီးနှံပင်တို့ကို ရောကာ စိုက် ပျိုးကြသည်။ မြေဧကပိုင်ဆိုင်မှုမှာ (၄၀)ဧကကျော်ပိုင်ဆိုင်ကြသည်။

## (၁.၅) ထိခိုက်လွယ်မှု

### (၁.၅.၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာခနေ အဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု% | ဖြေရှင်းသည့် နည်းဗျူဟာ |
|---|---|---|---|
| ၃ လ အောက် | - | - | |
| ၃ လနှင့် ၆ လကြား | ၂ | ၂၀% | အတိုးဖြင့်ငွေချေးခြင်း |
| ၆ လ မှ ၁၂ လ အထိ | ၈ | ၈၀% | အတိုးဖြင့်ငွေချေးခြင်း၊ |

ရင်းမြစ်..ဉစ္စာခနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။အေးချမ်းမြိုင်-၂ ကျေးရွာတွင် စီးပွားရေးအဆင်မပြေသောအိမ် ထောင်စုများမှာ တစ်နေ့လုပ် တစ်နေ့စားများဖြစ်သောကြောင့် ရာသီဥတုဆိုးရွားသောအချိန်များနှင့် ကျန်းမာရေး မကောင်းသောအချိန်များတွင် ငွေရေးကြေးရေးအခက်အခဲဖြစ်ကာ စားဝတ်နေရေး ခက်ခဲခြင်းတို့ကြောင့် ငွေတိုးချေးသူများထံ တစ်ဆယ်တိုးဖြင့် အကြွေးများတင်ရှိခြင်းတို့ဖြစ်ကြပါသည်။ အချို့အိမ်ထောင်စုများမှာ မြစိမ်းရောင်စီမံချက်တွင် စိုက်ပျိုးရေး၊မွေးမြူရေးအတွက် တစ်အိမ်ထောင်လျှင်ငွေတစ်သိန်းကျပ်ကို အတိုးငွေ(၁)ကျပ်ခွဲနှုန်းဖြင့် ချေးယူကြပြီး၊အချို့သောအိမ်ထောင်စုများမှာသမချေးငွေမှ တစ်အိမ်ထောင်လျှင် ငွေတစ်သိန်းကျပ်ကို အတိုးငွေ၂ကျပ်ခွဲနှုန်း ဖြင့်ချေးယူကာ လုပ်ကိုင်စားသောက်ကြသည်။

### (၁.၅.၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၅ နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၁၀ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | - | | |
| အခြားဒေသသို့ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | ၂၀ | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ အေးချမ်းမြိုင်-၂ ကျေးရွာတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော သက်ကြီးရွယ်အိုများ မရှိကြပေ။ ဆင်းရဲသော အိမ်ထောင်စု အများစုမှာ မြေနေရာပိုင်ဆိုင်မှု မရှိကြခြင်း၊ အချို့မှာမြေယာပိုင်ဆိုင်မှုရှိသော်လည်း အရင်းအနှီးမရှိခြင်း၊ ပုံမှန် အလုပ်မရှိကြခြင်း၊ ကျပန်းအလုပ်များသာ လုပ်တတ်ခြင်း၊ အမျိုးသမီးများသာ ရှိသည့်အိမ်များတွင် ခွန်အားသုံး၍ လုပ်ရသောအလုပ်များတွင် ပင်ပန်းခက်ခဲခြင်း စသည်ဖြင့် ကြုံတွေ့ကြရ ပါသည်။ ကျေးရွာတွင် မြေနေရာပိုင်ဆိုင်မှုမရှိသဖြင့် မိုင်(၂၀)ကျော်ခန့်တွင် တောခုတ်ကာ သွားရောက်လုပ်ကိုင် စားသောက်နေသော အိမ်ထောင်စုမှာ (၂၀)ခန့်ရှိပါသည်။

### (၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (မရှိ/ နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မရှိ | မြို့နှင့်နီးသောကြောင့် |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | နိမ့် | အချို့ဆင်းရဲသောအိမ်ထောင်စုများတွင် (စိုက်ပျိုးမြေ)ရှားပါး |
| ၃ | ရေကြီးခြင်း | မရှိ | - |
| ၄ | မိုးခေါင်ခြင်း | မရှိ | - |
| ၅ | အအေးလွန်ကဲခြင်း | မရှိ | - |
| ၆ | မုန်တိုင်း | မရှိ | - |
| ၇ | လျှော | မရှိ | - |
| ၈ | မီးဘေး | မရှိ | - |
| ၉ | ဆားငန်ရေဝင်မြေ | မရှိ | ကုန်းမြင့်တွင်တည်ရှိသဖြင့် |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မရှိ | - |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် | ဥယျာဉ်ခြံမြေများ ချဲ့ထွင်ခြင်းကြောင့် |
| ၁၂ | ငှက်ဖျားရောဂါ | မရှိ | ကျန်းမာရေးဦးစီးဌာနမှ နှစ်စဉ် ကာကွယ်ဆေး ထိုးပေးပါသည်။ |
| ၁၃ | တီဘီရောဂါ | မရှိ | - |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မရှိ | - |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မရှိ | - |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် | နှစ်စဉ် ကြက်နာ/ဝက်နာ ဖြစ်ပွားရာ ၉၀% ဆုံးရှုံးပါသည်။ |
| ၁၇ | လူကုန်ကူးခြင်း | မရှိ | - |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲ စသည် | မရှိ | ဘုတ်ပြင်းမြို့နှင့် ၄မိုင်ခန့်ကွာဝေးပါသည်။ |
| ၁၉ | အခြား | - | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ စီးပွားရေးအဆင်မပြေသော အိမ်ထောင်စုများတွင် စိုက်ပျိုးမြေ ရှားပါးပါသည်။ အနီးအနားကျေးရွာများတွင် ဆားငန်ရေဝင်သော်လည်း အေးချမ်းမြိုင်-၂ ကျေးရွာသည် ကုန်းမြင့်ပိုင်းတွင်

တည်ရှိသောကြောင့် ဆားငန်ဝင်ခြင်းများမရှိပါ။ ကုန်းတွင်းပိုင်း ရွာဖြစ်သောကြောင့် ဒီရေတောပေါက်ရောက်ခြင်းများမရှိပါ။ သဘာဝသစ်တောများသည် လူများ၏ ဥယျာဉ်ခြံချဲ့ထွင်မှုများကြောင့် ပြုန်းတီးကြရသည်။ တိရစ္ဆာန်များတွင် နှစ်စဉ် ရောဂါကျရောက် သောကြောင့် မြို့နယ်မွေးကုဦးစီးဌာနမှ ကာကွယ်ဆေး ထိုးနှံသည့် အစီအစဉ်များ လာရောက်လုပ် ဆောင်သင့်ပါသည်။

### (၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မရှိ/နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | မရှိ | ဥယျာဉ်ခြံလုပ်ငန်းတွင်သာ အချိန်ကုန်သဖြင့် |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မရှိ | - |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မရှိ | လူတစ်ဦးနှင့် တစ်ဦးခွဲခြားမှုမရှိ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသော ဒေသတွင် နေထိုင်သူ | မရှိ | ၎င်းပြဿနာများမရှိခဲ့ပါ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မရှိ | ကုန်းတွင်းပိုင်းကျေးရွာဖြင့်သဖြစ် |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မရှိ | - |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မရှိ | - |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မရှိ | - |
| ၉ | ငါးကန်ပိုင်ရှင် | မရှိ | ရေလုပ်ငန်းနှင့် အသက်မွေးပြုခြင်းမရှိ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | မရှိ | - |
| ၁၁ | လူနည်းစုလူမျိုးများ | - | - |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဇရိယာတွင် နေထိုင်သူများ | - | - |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မရှိ/နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မရှိ | - |
| ၁၄ | ရွှေတွင်းလုပ်သား | - | - |
| ၁၅ | ဆေးစွဲသူများ | - | - |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသော သူများ | မရှိ | - |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မရှိ | - |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မရှိ | - |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မရှိ | - |
| ၂၀ | ကားသမား | - | - |
| ၂၁ | အခြား | - | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာသည်မြို့နှင့်နီးပြီး ကုန်းမြင့်တွင်တည်ရှိသဖြင့် သဘာဝဘေး အန္တရာယ်ကျရောက်မှု မရှိခဲ့ပါ။ ကျေးရွာအတွင်းရှိလူငယ်များမှာ အလုပ်အကိုင်တွင် စိတ်ပါဝင်စားမှု ရှိကြပြီး၊ဘာသာရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်ကြသဖြင့် ဆိုးသွမ်းမှုများမရှိကြပါ။

## (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

### (၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

#### (၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုး အစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် | စွမ်းဆောင်နိုင်မှု (ကောင်း/ သင့်/ညံ့) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | ဂေါပကအဖွဲ့ | ၃ | ၈ | - | ၈ | ဘုန်းကြီးကျောင်း ဝေယျာဝစ္စ | သင့် |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် | စွမ်းဆောင်နိုင်မှု (ကောင်း/ သင့်/ညံ့) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၂ | ပရဟိတအဖွဲ့ | ၂/၃ | ၂၉ | ၂၇ | ၅၆ | သာရေးနာရေးနှင့် လူမှုရေး | ကောင်း |
| ၄ | မိန်းမကြီးအဖွဲ့ | ၃ | - | ၆ | ၆ | သာရေးနာရေး | ကောင်း |
| ၆ | မီးသတ်အဖွဲ့ | ၃ | ၂ | - | ၂ | ကင်းစောင့်၊ မီးဘေးကာကွယ် | ကောင်း |
| ၇ | အုပ်ချုပ်ရေးအဖွဲ့ | ၂ | ၂ | - | ၂ | ကျေးရွာအုပ်ချုပ်ရေး | ကောင်း |
| ၈ | ကျောင်းကော်မတီ | ၂ | ၁၂ | ၈ | ၂၀ | ကျောင်းလိုအပ်ချက် ကို ရွာသားများ နှင့်အတူတူ ဖြေရှင်း | ကောင်း |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

(၄) ကောင်း - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၅) သင့် - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၆) ညံ့ (အားနည်း) - ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်း အဖွဲ့များသည် ကျေးရွာ၏ သာရေးနာရေးကိစ္စရပ်များတွင် အများအားဖြင့် ပါဝင်လုပ်ဆောင်ကြပြီး ကျေးရွာဖွံ့ဖြိုးရေး ကိစ္စများတွင် ပါဝင်မှု အားနည်းကြ ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအတွက် အုပ်ချုပ်ရေးအဖွဲ့နှင့် အမျိုးသမီးများက အဓိက အားထား လုပ်ဆောင်ကြသည်။ သို့သော်လည်း အုပ်ချုပ်ရေးအပိုင်းတွင် အမျိုးသမီးများ ပါဝင်မှု မရှိပေ။ ကျေးရွာအတွင်းရှိ ပရဟိတအဖွဲ့တွင် လူငယ်အများစုပါဝင်ကြကာ ကျေးရွာ၏ သာရေးနာရေးများ တွင်အဓိက ပါဝင်ကူညီကြသည်။ ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်နိုင်လျှင် ကျေးရွာအတွင်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

### (၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်း အမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | မြစိမ်းရောင် | ၄ | အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အတွက်ချေးငွေ(၂၀၁၅မှစ) |
| ၂ | ERLIP | ၄ | ကျေးလက်အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေမြင့်တင်ရေး (၂၀၁၆-၁၇) |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

**လေ့လာတွေ့ရှိချက်။** ။ERLIP အဖွဲ့သည် ကျေးရွာ၏ အသက်မွေး ဝမ်းကျောင်းနှင့် အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အဓိကလုပ်ဆောင် ပါသည်။ ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အဓိက လုပ်ဆောင်လိုသည်များမှာ အမှန်တကယ် လုပ်ဆောင်နိုင်သည့်သူများ ပါဝင်သည့် ကော်မတီများကို ပြန်လည်ဖွဲ့စည်းရန် လိုအပ်ပါသည်။ ERLIP အဖွဲ့သည်(၃) နှစ် စီမံကိန်းအဖြစ် ရှိနေပါသည်။ မြစိမ်းရောင်စီမံချက်သည် အသက်မွေးမြူဝမ်းကျောင်းလုပ်ငန်း များအတွက် အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေများထုတ်ပေးလျက်ရှိပါသည်။

## (၂.၂) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (၂.၂.၁) သီးနှံထုတ်လုပ်ရေး

#### (၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၂၀ | ၂၄.၇ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧက အောက် | ၂ | ၂.၅ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧက အောက် | ၆ | ၇.၄ | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက အောက် | ၂၁ | ၂၅.၉ | အလယ်အလတ်စား တောင်သူ |
| ၅ | ၁၂.၅ ဧက အထက် | ၃၂ | ၃၉.၅ | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | | **၁၁၁** | **၁၀၀** | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။အေးချမ်းမြိုင်-၂ ကျေးရွာရှိ အိမ်ထောင်စု အများစုသည် ဥယျာဉ်ခြံစိုက်ပျိုးရေးနှင့် စိုက်ပျိုးလုပ်ငန်းဆိုင်ရာကျွမ်းအလုပ်များဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြသည်။ စိုက်ပျိုးမြေကေ ပိုင်ဆိုင်သော အိမ်ထောင်စုများသည် စုစုပေါင်း၏ (၇၅.၃%) ရှိ၍ ကွမ်းသီးပင်များ၊ အခြားသီးနှံပင်များ၊ ရာဘာပင်များကို စိုက်ပျိုးကြပါသည်။ မြေယာပိုင်ဆိုင်မှုမရှိ သောကျွမ်းလုပ်သားမိသားစုများသည် ဆွေမျိုးမိတ်ဆွေများ၏ မြေနေရာလွတ်များတွင် မှီခို၍စိုက် ပျိုးကြသည်။ အချို့မှာ အခြားဝေးလံသောကျေးရွာများတွင် တောခုတ်ကာသွားရောက်လုပ်ကိုင်စား သောက်ကြသည်။

#### (၂.၂.၁.၂)အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | အရင်းအမြစ် | ရေသောက်ဧက | ရရှိနိုင်မှု | |
|---|---|---|---|---|
| | | | တနှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၁ | ဆည် | - | - | - |
| ၂ | ရေလွှဲဆည် | - | - | - |

| စဉ် | အရင်းအမြစ် | ရေသောက်ကေ | ရရှိနိုင်မှု | |
|---|---|---|---|---|
| | | | တနှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၃ | မြစ်ရေတင်စီမံကိန်း | - | - | - |
| ၄ | ရေသွင်းမြောင်း | - | - | - |
| ၅ | အဝီစိတွင်း | - | - | - |
| ၆ | လက်ငင် ရေတွင်း | - | - | - |
| ၇ | စိမ့်စမ်းရေ | - | - | - |
| ၈ | ချောင်းရေ | - | တနှစ်ပတ်လုံး | ရှိ |
| ၉ | အခြား | - | - | - |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ အေးချမ်းမြိုင်-၂ ကျေးရွာတွင် စိုက်ပျိုးရေးအတွက် ရေအရင်းမြစ်ကို ချောင်းရေမှရေကိုသုံးစွဲကြသည်။ ချောင်းရေကို တနှစ်ပတ်လုံး သုံးစွဲနိုင်ပြီး လုံလောက်မှုရှိပါသည်။ ပျိုးပင်ပေါက်ချိန်တို့တွင်သာ ရေလောင်းပေးကြပါသည်။

## (၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်းစိုက်ကေ | တစ်ကေ အထွက်နှုန်း | | | | သီးနှံ စိုက်ပျိုးသည့် ကာလ | | သွင်းအားစု လိုအပ်ချက် (နည်း/လတ် / များ) | အမြတ် ရရှိနိုင်မှု (နည်း/လတ် / များ) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | | |
| ကွမ်းသီး | | ပိဿာ | ၂၀၀ | ၄၀၀ | ၃၀၀ | ၆ | ၇ | လတ် | မြင့် | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။အေးချမ်းမြိုင်-၂ ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ကိုင်သော အိမ်ထောင်စုများ၏အဓိက စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများမှာ ကွမ်းသီးစိုက်ပျိုးကာစအချိန်တွင် အခြားစားပင်သီးပင်များကိုစိုက်ပျိုးကာ အသက်မွေးဝမ်းကျောင်းပြုကြသည်။ ကွမ်းသီးပင်သည် စိုက်ပျိုးပြီး ၄/၅ နှစ်အကြာမှ အသီးနှံများ စတင်ထွက်ရှိသည်။ ကွမ်းပင်သည် တစ်နှစ်လျှင် နှစ်ခါသီး၍၊ တစ်ကေလျှင်အပင်(၃၅၀)ခန့်စိုက်ပျိုးနိုင်ပြီး၊ တစ်ပင် လျှင်တစ်ပိဿာထွက်ရှိပါသည်။

## (၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | တစ်ဦးချင်းပိုင် | ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် | မှတ်ချက်/ အခြေအနေ |
|---|---|---|---|
| ထွန်စက် | - | - | |
| လက်တွန်းထွန်စက် | - | - | |
| အစေ့ချ ကိရိယာ | - | - | |
| ရိတ်သိမ်းခြွေလှေ့စက် | - | - | |
| ရိတ်သိမ်းစက် | - | - | |
| ခြွေလှေ့စက် | - | - | |
| ရေစုပ်စက် | ၂၆ | - | |
| ခြေနင်းရေတင်စက် | - | - | |
| မြက်ရိတ်စက် | ၅၂ | - | |
| အခြား | - | - | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ အေးချမ်းမြိုင်-၂ ကျေးရွာတွင် စိုက်ပျိုးရေးသုံးကိရိယာများအနက် ရေစုပ်စက်နှင့် မြက်ရိတ်စက်များကိုသာပိုင်ဆိုင်ကြသည်။ မြက်ရိတ်စက်မပိုင်သောအိမ်ထောင်စုများ သည် လုပ်အားဖြင့် ကိုယ်တိုင် တောခုတ်၍ လုပ်ကိုင်ကြသည်။

## (၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊ မြေဆီဩဇာ) | ပိုင်ရှင်ရှိသောမြေလွတ်မြေရိုင်းအနည်းငယ်သာကျန်ရှိသည်။ |
| ရေရင်းမြစ် | ချောင်းရေရှိနေပါသည်။ |
| သွင်းအားစုဈေးကွက် | ဘုတ်ပြင်းမြို့နှင့် နီးသောကြောင့် လိုအပ်သော သွင်းအားစုများ ဝယ်ယူရ လွယ်ကူပါသည်။ |
| ထုတ်လုပ်မှုဈေးကွက်နှင့် ကုန်သွယ်မှု | သီးနှံပွဲစားများကို အလွယ်တကူ ဆက်သွယ် ရောင်းချနိုင်ကြောင့် ဈေးကွက် အခွင့်အလမ်းများ ရှိနေပါသည်။ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် ငွေကြေးအရင်းအနှီးမတတ်နိုင်သဖြင့် မစိုက်ပျိုးနိုင်သေးသောပိုင်ရှင်ရှိ မြေလွတ်မြေရိုင်းများစွာ ရှိပါသည်။ စိုက်ပျိုးရေးရေအရင်းအမြစ်အဖြစ် ချောင်းရေကို အသုံးပြုနိုင်ပါသည်။ဘုတ်ပြင်းနှင့် နီးသောကြောင့်လည်း လိုအပ်သော သွင်းအားစုများကိုဝယ်ယူရန်လွယ်ကူပါသည်။ သီးနှံပွဲစားများကိုလည်းအလွယ်တကူ ဆက်သွယ်ရောင်းချနိုင် သောကြောင့် ဈေးကွက်အခွင့်အလမ်းများရှိပါသည်။ရွာတွင် သဘာဝမြေဆွေးများ ထုတ်လုပ်အသုံးပြုနိုင်လျှင်ခြင်း၊ ကျေးရွာ စိုက်ပျိုးရေးအတွက်ချေးငွေများ ပိုမိုထောက်ပံ့ပေးနိုင်လျှင် ယခုထက်သီးနှံအထွက်တိုး၍ စီးပွားရေးများပိုမိုတိုးတက်လာနိုင်ပါသည်။

## (၂.၂.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| စိုက်ပျိုးမြေရရှိနိုင်မှု နှင့် မြေဆီသြဇာ အခြေအနေ | ဓာတုမြေသြဇာ သုံးစွဲခြင်းများလာသဖြင့် မြေဆီသြဇာမှာလည်း ညံ့လာပါသည်။ |
| ငွေကြေးအရင်းအနှီး ရရှိနိုင်မှု | ချေးငွေရရှိမှု မလုံလောက်၊ စည်းကမ်းချက်များ တင်းကြပ်။ |
| စိုက်ပျိုးရေး သွင်းအားစုများ အချိန်မီ ရရှိအသုံးချနိုင်မှု | ချေးငွေရရှိမှု နောက်ကျခြင်း၊ငွေကြေးမလုံလောက်သည့် အခြေအနေများတွင် သွင်းအားစုများ အချိန်မီဝယ်ယူ အသုံးပြုရန် အခက်အခဲရှိပါသည်။ |
| လုပ်သားရှားပါးမှု (ကျွမ်းကျင် သူ/ မကျွမ်းကျင်သူ) | လုပ်သားများ မရှားပါးသော်လည်း လုပ်အားခ ကြီးမြင့်မှုကြောင့် အလုပ်သမားသုံးစွဲမှုကို လျှော့ချပြီး စက်ကိရိယာများကို ပိုမို အသုံးပြုလာကြပါသည်။ |
| ဖျက်ပိုးနှင့် ရောဂါ | ပိုးမွှား၊ ရောဂါ၊ မြေဆီလွှာကြောင့် ဖြစ်ရသော ပြဿနာများကို ခွဲခြားနားလည်မှု အားနည်းနေကြသောကြောင့် နည်းပညာ ဝန်ဆောင်မှုများ ပိုမိုလိုအပ်နေပါသည်။ |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | ကွင်းဆင်းစိုက်ပျိုးရေးဝန်ထမ်း အလွန်နည်းပါသည်။ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

**လေ့လာတွေ့ရှိချက်။** ။သီးနှံအထွက်တိုးစေရန် သဘာဝမြေသြဇာများ သုံးစွဲရန် လိုအပ်နေ ပါသည်။ ဒေသနှင့်ကိုက်ညီသော သီးနှံများကို တိုးချဲ့ စိုက်ပျိုးနိုင်စေရန် နည်းပညာများနှင့် မျိုးကောင်းမျိုးသန့်များရရှိအောင် ချိတ်ဆက် လုပ်ဆောင်ရန်လိုပါသည်။ မြေလွတ်မြေရိုင်းများ ရှိပြီး တောခုတ်ရှင်းလင်းရန်

ငွေကြေးမရှိသောကြောင့် ဉယျာဉ်ခြံ တိုးချဲ့လုပ်ကိုင်နိုင်ရန် အခက်အခဲများ ရှိနေပါသည်။ ငွေကြေးနှင့် လုပ်သားအရင်းအမြစ် ရရှိပါက တိုးချဲ့လုပ်ကိုင်နိုင် ပါမည်။

## (၂.၂.၂) မွေးမြူရေးလုပ်ငန်း

### (၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| **မွေးမြူရေး** | | | |
| နွား | ၁ | ၁ | |
| နို့စားနွား | - | - | |
| မြင်း | - | - | |
| ကျွဲ | ၁ | ၆ | |
| မြည်း | - | - | |
| လား | - | - | |
| ဆိတ် | - | - | |
| သိုး | - | - | |
| ဝက် | ၆ | ၁၈ | တပိုင်တနိုင် /တွဲဖက် |
| ကြက် | ၄၆ | ၆၈၆ | တပိုင်တနိုင် /တွဲဖက် |
| ဘဲ | - | - | |
| နွားနောက် | - | - | |
| အခြား | - | - | |
| **ငါးလုပ်ငန်း** | | | |
| ငါးကန် | - | - | |
| ပုဇွန်ကန် | - | - | |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | - | - | |

| **မွေးမြူရေးနှင့် ငါးလုပ်ငန်း** | **အိမ်ထောင်စု** | **ကောင်ရေ** | **မှတ်ချက်/အခြေအနေ** |
|---|---|---|---|
| ရေချို ငါးဖမ်းလုပ်ငန်း | - | - | |
| ကမ်းနီး ငါးဖမ်းလုပ်ငန်း | - | - | |
| | | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။အေးချမ်းမြိုင်(၂) ကျေးရွာတွင် ဥယျာဉ်ခြံကိုသာ အဓိက လုပ်ကိုင်ကြပြီး ဝက်၊ ကြက်စသည့် ဒေသမျိုးများ တစ်ပိုင်တစ်နိုင်/တွဲဖက်အနေနဲ့သာ မွေးမြူလုပ်ကိုင် ကြပါသည်။ နွား၊ကျွဲ တို့ကိုမွေးမြူရန် မြေနေရာမရှိခြင်း စားကျက်မြေများ ရှားပါးခြင်းတို့ကြောင့် မမွေးမြူကြခြင်းဖြစ်ပါသည်။

### (၂.၂.၂.၂) သားငါးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) သားငါးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| **အခွင့်အလမ်း** | **ဖော်ပြချက်/ ရှင်းလင်းချက်** |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | - |
| ရေရရှိမှု | - |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | - |
| ချေးငွေ | - |
| သွင်းအားစု ဈေးကွက် | - |
| နည်းပညာ ဝန်ဆောင်မှု | - |
| ထုတ်ကုန် ရောင်းဝယ်မှု | - |
| အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု | - |
| အခြား | - |
| **ငါးလုပ်ငန်း** | |
| ငါး/ပုဇွန်သားပေါက်လက်လှမ်းမီမှု | - |
| ချေးငွေ | - |
| သွင်းအားစု လက်လှမ်းမီမှု | - |
| လိုင်စင် လက်လှမ်းမီမှု | - |

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
| --- | --- |
| ထုတ်ကုန် ရောင်းဝယ်မှု | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ အေးချမ်းမြိုင်(၂)ကျေးရွာတွင် အိမ်ထောင်စု (၄၈) စုခန့်သာ တစ်နိုင်တစ်ပိုင် မွေးမြူကြသည်။ မွေးမြူရေးကို တိုးချဲ့လုပ်ကိုင်နိုင်ရန် အလို့ငှာ နည်းပညာနှင့် ငွေကြေးအထောက်အပံ့များ လိုအပ်လျှက်ရှိပါသည်။

### (၂.၂.၂.၃) သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာနှင့် စိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
| --- | --- |
| **မွေးမြူရေး** | |
| ဈေးငွေ ရရှိနိုင်မှု | အခက်အခဲ ရှိပါသည်။ |
| ကူးစက်ရောဂါဖြစ်ပွားမှု | ကြက်နာ/ ဝက်နာများ ဖြစ်ပွားမှု မြင့်မားပါသည်။ |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | ဝက်မွေးမြူသည့်နည်းလမ်းများ၊ ကာကွယ်ဆေးထိုးနှံမှုများ ရရှိရန် လိုအပ်နေပါသည်။ |
| စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ အတွက် လိုင်စင်/ လေလံ လက်လှမ်းမီမှု | - |
| အခြား | - |
| **ငါးလုပ်ငန်း** | |
| ငါးဖမ်းခွင့် ရရှိနိုင်မှု | - |
| ဈေးငွေ ရရှိနိုင်မှု | - |
| ထုန်ကုန်များ ရောင်းချနိုင်မှု | - |
| | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာရှိ အိမ်ထောင်စုများတွင် ကြက်၊ ဝက်မွေးမြူရေးလုပ်ငန်း

တိုးတက်ရန်အတွက် နည်းပညာနှင့် ရောဂါကာကွယ် ထိန်းချုပ်ရန် အထူးလိုအပ်နေပါသည်။ မွေးမြူရေး တိုးချဲ့လုပ်ကိုင်လိုသော်လည်း ရောဂါကာကွယ်ကုသနည်းများ နားလည်မှု မရှိခြင်း၊ ငွေအရင်းအနှီး လုံလောက်မှု မရှိခြင်း စသည်တို့ကအဟန့်အတား ဖြစ်စေပါသည်။သို့ပါ၍ ရောဂါကာကွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ပံ့ပိုးပေးခြင်း၊ မွေးမြူရေးလုပ်ငန်းအတွက် ချေးငွေထုတ်ချေးပေးနိုင်မည့် အဖွဲ့များမှ ကာလရှည်ချေးငွေများ ရရှိခြင်းစသည်တို့ကလည်း မွေးမြူရေးတိုးချဲ့လုပ်ကိုင်ရန် အထောက်အပံ့ ဖြစ်စေနိုင်ပါသည်။

## (၂.၂.၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

### (၂.၂.၃.၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် အခွင့်အလမ်းများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများဖွံ့ဖြိုးရေးအတွက် အခွင့် အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| မြို့နှင့် အလှမ်းမဝေးခြင်း | ဘုတ်ပြင်းမြို့နှင့် (၅) မိုင်ခန့်သာ ကွာဝေးပြီး သွားလာရ လွယ်ကူပါသည်။ |
| စာတတ်မြောက်သူများ လာခြင်း | အတန်းပညာ တတ်မြောက်သူဦးရေ များပြားလာပါသည်။ |
| ကျေးလက်/ဦးစီးဌာနမှ သင်တန်းများ ရနိုင်ခြင်း | ဝင်ငွေတိုးလုပ်ငန်းများဆိုင်ရာ နည်းပညာသင်တန်းများ ပေးနိုင်သည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ သက်ဆိုင်ရာ အခြား ဦးစီးဌာနများ ရှိနေပါသည်။ |
| အလုပ်လုပ်နိုင်သူ ဦးရေ များခြင်း | ကျေးရွာအတွင်း အသက်အုပ်စုများအရ အလုပ်လုပ်နိုင်သူဦးရေမှာ (၅၉) ရာခိုင်နှုန်းကျော် ရှိနေပြီး အမျိုးသမီးအများစုက အိမ်မှုကိစ္စများကိုသာ လုပ်ကိုင်ကြသည်။ |
| ကုန်ကြမ်းပေါများခြင်း | ဥယျာဉ်ထွက်သီးနှံ အသင့်အတင့် ပေါများပါသည်။ (ကွမ်းသီး) |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။အမျိုးသားများ မိသားစုဝမ်းရေးအတွက် တောင်ယာလုပ်ကိုင်နေချိန်တွင် အမျိုးသမီးအများစုမှာအိမ်တွင်းအလုပ်သာလုပ်ကိုင်ကြပြီးအိမ်မှုကိစ္စမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများလုပ်ကိုင်လိုရာတွင်နည်းပညာနှင့်ငွေကြေးလက်လှမ်းမှီခြင်းတို့ အားနည်းနေပါသေးသည်။

## ၂.၂.၃.၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၂၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးရေးအတွက် ပြဿနာနှင့်အခက်အခဲများ

| ပြဿနာနှင့်အခက်အခဲများ | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| ပညာတတ်မြောက်မှု နည်းပါးခြင်း | မူလတန်း / အလယ်တန်းအဆင့်တွင်သာ ရပ်နားခဲ့ကြသည်။ |
| အလုပ်အကိုင် ရှားပါးခြင်း | စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိက လုပ်ကိုင်ကြသည်။ |
| အသက်မွေးဝမ်းကျောင်းပညာများ တတ်မြောက်မှု နည်းခြင်း | အခြေခံ လုပ်ငန်းများကိုသာ လုပ်ကိုင်နိုင်ကြပါသည်။ |
| ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင် ရန် နည်းပညာမရှိခြင်း | အခြားစီးပွားရေးလုပ်ငန်းများအတွက် အသိပညာ စဉ်းစားမှု၊ လုံလောက် သော ကျွမ်းကျင်မှု အားနည်းကြပါသည်။ |
| ငွေကြေး အရင်းအနှီး မတတ် နိုင်ခြင်း | အများစုမှာ လုပ်ငန်းများ စတင်လုပ်ကိုင်ရန် ငွေကြေး အရင်းအနှီး လုံလောက်မှု မရှိကြပါ။ |
| လျှပ်စစ်မီး မရရှိခြင်း | လက်ရှိတွင်ကျေးရွာတွင်းသို့ EPCမှ မီးတိုင်များ ရောက်ရှိနေပြီး ၂၀၁၈ခုနှစ်တွင် မီးလင်းမည် |
| ဈေးကွက်ဆိုင်ရာ အသိရှိမှု နည်းပါးခြင်း | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ပညာတတ်မြောက်မှုအားနည်းခြင်း၊ အသက်မွေးဝမ်းကျောင်း ပညာများ လက်လှမ်းမီမှု အားနည်းခြင်း၊ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေးလုပ်ငန်းနှင့် ကျပန်းအလုပ်တို့ကိုသာ အာရုံ စိုက်၍ လုပ်ကိုင်ကြခြင်း၊ လုပ်ငန်းအပေါ် မူတည်၍ ထုတ်ချေးပေးသည့် ချေးငွေပမာဏနှင့် ပြန်လည် ပေးဆပ်သည့် ပုံစံကို သတ်မှတ်သည့် ချေးငွေမရှိခြင်းတို့ကြောင့် စိုက်ပျိုးမွေးမြူရေး မဟုတ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ ဖြစ်နေပါသည်။

## (၂.၃) ရွှေ့ပြောင်းလုပ်သားများ

### (၂.၃.၁) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား (၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

| # | ပုံစံ | အိမ်ထောင်စု အရေအတွက် | ပြည်တွင်း | | | ပြည်ပ | | | လူဦးရေ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | ရွှေ့ပြောင်းလုပ်သား ရှိသော အိမ်ထောင်စုနှင့် လူဦးရေ | ၈ | ၅ | ၁ | ၆ | ၁ | ၂ | ၃ | ၆ | ၃ | ၉ |
| ၂ | ကျေးရွာပြင်ပသို့ ရွှေ့ပြောင်းမှုကာလ | | | | | | | | | | |
| | ၃ လ အထိ | - | ၃ | - | ၃ | - | - | - | ၃ | - | ၃ |
| | ၆ လ အထိ | - | - | - | - | - | - | - | - | - | - |
| | ၁၂ လ အထိ | - | | - | | - | - | - | | - | |
| | ၁၂ လ အထက် | - | ၂ | ၁ | ၃ | ၁ | ၂ | ၃ | ၃ | ၃ | ၆ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - စိုက်ပျိုးမွေးမြူရေး မဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာမှ ပြည်တွင်း-ပြည်ပသို့ ရွှေ့ပြောင်းသွားလာ လုပ်ကိုင်နေကြသူ ဦးရေ အနည်းငယ်သာရှိပါသည်။ ၎င်းတို့မှာကာလရှည် သွားရောက်လုပ်ကိုင်သူများဖြစ်ကြပြီး ကျေးရွာသို့ ရက်အနည်းငယ်သာ အလည်ပြန်လာကြပါသည်။ မိသားစုစီးပွားရေး တိုးတတ်ရန် အလို့ငှာ သွားရောက်ကြခြင်း ဖြစ်ပါသည်။

### (၂.၃.၂) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား (၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

| စဉ် | အကြောင်းအရာ | လူဦးရေ |
|---|---|---|
| ၁ | ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေ အခွင့်အလမ်းများ | ၉ |

| စဉ် | အကြောင်းအရာ | လူဦးရေ |
|---|---|---|
| | ရှာဖွေရန် | |
| ၂ | နိုင်ငံရေးနှင့်ဆိုင်သော အကြောင်းရင်း | - |
| ၃ | ဒေသတွင်း ပဋိပက္ခဖြစ်ပွားမှုကြောင့် လုံခြုံမှု မရှိသည့် အကြောင်းရင်း | - |
| ၄ | အခြား | - |

ရင်းမြစ် … အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။အေးချမ်းမြိုင်-၂ ကျေးရွာမှ ရွှေ့ပြောင်းသွားလာလုပ်ကိုင်နေကြသူများမှာ လုပ်ခလစာ ပိုမိုရရှိခြင်းနှင့် အလုပ်အကိုင် ပုံမှန်ရှိခြင်းတို့ကြောင့် သွားရောက်လုပ်ကိုင်ကြသူများ ဖြစ်ကြပါသည်။ ကျေးရွာရှိ ရေလုပ်ငန်းခွင်မှ အကျိုးအမြတ်အရနည်းသဖြင့် လုပ်အားခ မြင့်မားစွာ မပေးနိုင်ခြင်း စသည်တို့ကလည်း ကျေးရွာအတွင်း အလုပ်အကိုင် အခွင့်အလမ်း ရှားပါးလာရခြင်း၏ အကြောင်းရင်းများ ဖြစ်ပါသည်။

### (၂.၃.၃) ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ

ဇယား (၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ

| စဉ် | အကြောင်းအရာ | အိမ်ထောင်စု အရေအတွက် | | | | |
|---|---|---|---|---|---|---|
| | | စုစုပေါင်း | % ကျေးရွာအတွင်းရှိ စုစုပေါင်း အိမ်ထောင်စု | မြင့် | လတ် | နိမ့် |
| ၁ | ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စု အရေအတွက် | ၈ | ၁၀% | ၃ | ၁ | ၄ |
| ၂ | ပြန်ပို့ငွေ လမ်းကြောင်းများ | | | | | |
| | - ငွေလွှဲလုပ်ငန်း (ဟွန်ဒီ) | | | - | - | - |
| | - ဘဏ် | ၁ | ၁၂.၅% | - | - | - |
| | - လူကြုံ/ကိုယ်တိုင်ဖြင့်လွှဲပို့ခြင်း | ၇ | ၈၇.၅% | - | - | - |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။အေးချမ်းမြိုင်-၂ ကျေးရွာရှိ အိမ်ထောင်စုများ၏ (၁၀) ရာခိုင်နှုန်းခန့်မှာ ကျေးရွာပြင်ပတွင် သွားရောက်လုပ်ကိုင်သူများ၏ ပြန်ပို့ငွေကို မှီခိုနေရပါသည်။ ရွှေ့ပြောင်းလုပ်ကိုင်သူအများစုမှာ မိသားစုထံသို့ ငွေအသင့်အတင့် ပို့ပေးကြသော်လည်း အနည်းစုမှာပြန်လည် မထောက်ပံ့နိုင်ကြပါ။ လုပ်အားခ ရရှိသောငွေကြေးများ ကိုငွေလွှဲလုပ်ငန်းဖြင့် သော်လည်းကောင်း၊ ဘဏ်ဖြင့် သော်လည်းကောင်း ပြန်ပို့ပေးကြပါသည်။

## (၂.၄) ကုန်စည်နှင့် ဝန်ဆောင်မှု ဈေးကွက်

ဇယား (၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး | အကြီးစားဈေးကွက် |
|---|---|---|
| ရွာမှ အကွာအဝေး (မိုင်) | - | ၅ မိုင် - ဘုတ်ပြင်းမြို့ |
| သယ်ယူပို့ဆောင်ရေး လမ်းကြောင်း နှင့် ၎င်း၏ အထောက်အပံ့များ | - | ကား၊ ဆိုင်ကယ်၊ (၁၀၀၀) ကျပ် |
| ကုန်စည်နှင့်ဝန်ဆောင်မှု ရရှိနိုင်မှု အမျိုးအစားများ | - | ဆန်၊ ဆီ၊ အဝတ်အထည်၊ အိမ်ဆောက်ပစ္စည်း |
| ဈေးအခြေခံအဆောက်အဦနှင့် ဝန် ဆောင်မှု | - | နိမ့် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်စိုက်ပျိုးရေးကိုသာ အဓိကလုပ်ကိုင်ကြပြီး ဥယျာဉ်နှင့် ခြံထွက်သီးနှံတို့အား ရွာမှအနီးဆုံးဈေးကွက်ဖြစ်သော ဘုတ်ပြင်းဈေးသို့ သွားရောက် ရောင်းချ ကြပါသည်။ ရွာမှ(၅)မိုင်ခန့်အကွာတွင်ရှိပြီး ဆိုင်ကယ်၊ကားတို့ဖြင့် အဆင်ပြေချောမွေ့စွာ သွားရောက် ရောင်းချနိုင်ပါသည်။ ကျေးရွာတွင်ဈေးမရှိပါ။ အိမ်ဆိုင်အနည်းငယ်သာ ရှိပါသည်။

## (၂.၅) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

| ချေးငွေ ရရှိနိုင်သည့် နေရာ | ငွေကြေး ဝန်ဆောင်မှု အမျိုးအစား | ပြန်လည် ပေးဆပ်ရ မည့် ကာလ | အတိုးနှုန်း (လ) | အပေါင် ခံ ပစ္စည်း လိုအပ်မှု | ချေးငွေရရန် အခက်အခဲများ |
|---|---|---|---|---|---|
| မြစိမ်းရောင် ချေးငွေ | ချေးငွေ | ၆ လ | ၁.၅ ကျပ် | မလို | ငွေကြေးပမာဏ အကန့်အသတ်ရှိ |

| ချေးငွေ ရရှိနိုင်သည့် နေရာ | ငွေကြေး ဝန်ဆောင်မှု အမျိုးအစား | ပြန်လည် ပေးဆပ်ရမည့် ကာလ | အတိုးနှုန်း (လ) | အပေါင် ခံ ပစ္စည်း လိုအပ်မှု | ချေးငွေရရန် အခက်အခဲများ |
|---|---|---|---|---|---|
| သမ ချေးငွေ | ချေးငွေ | ၆ လ | ၂ ကျပ် | မလို | အဖွဲ့ဝင်ဖြစ်မှ ငွေချေး |
| ငွေချေးပေးသူ | | | | | |
| အပေါင်ဆိုင် | | | | | |
| မိတ်ဆွေနှင့် ဆွေမျိုးများ | ချေးငွေ | - | ၁၀ ကျပ် | | ငွေကြေးပမာဏ အကန့်အသတ်ရှိ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ (၂) သက်ဆိုင်ရာ ငွေကြေး ဝန်ဆောင်မှု ပေးသောအဖွဲ့များ။

မှတ်ချက်။ ။ ငွေကြေး ဝန်ဆောင်မှု အမျိုးအစား - ချေးငွေ၊ စုငွေ၊ အာမခံစနစ်

**လေ့လာတွေ့ရှိချက်။** ။မြစိမ်းရောင်နှင့် သမချေးငွေ ဝန်ဆောင်မှုတို့မှာ လူဦးရေအကန့်အသတ်၊ ငွေကြေးအကန့်အသတ်တို့ကြောင့် လုံလောက်မှု မရှိသဖြင့် ကျေးရွာမှလိုအပ်သော အိမ်ထောင်စုတိုင်း ချေးငွေ မရရှိကြပါ။

## (၂.၆) ပတ်ဝန်းကျင်နှင့် သဘာဝ ရင်းမြစ်များ စီမံခန့်ခွဲမှု

### (၂.၆.၁) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

ဇယား (၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

| အခက်အခဲ | အန္တရာယ်ရှိမှု (မြင့်/လတ်/နိမ့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီသြဇာ အခြေအနေ | - | - |
| အပင်မျိုးစိတ်များ | မြင့် | အောက်ခြင်းစား၊တောပိတောက်၊စကား၊ ကမ်းစော် တို့မှာ ပျက်စီးမှု မြင့်လာပါသည်။ |
| ဖျက်ပိုးနှင့်ရောဂါကာကွယ် ထိန်းချုပ်မှု | လတ် | လောက်မီး၊လိုင်မိုင်တို့ ကျရောက် |
| ရေအရင်းအမြစ် | လတ် | ရေစီးကြောင်း(ချောင်း)ကျဉ်းမြောင်းလာ |

| အခက်အခဲ | အန္တရာယ်ရှိမှု (မြင့်/လတ်/နိမ့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| ငါးမျိုးကွဲများ | မရှိ | - |
| အခြားတိရစ္ဆာန်မျိုးကွဲ များ | မြင့် | တောဝက်၊မျောက်၊ဖြူးချေ(ဂျီ)တို့ အနဲငယ်သာကျန်။ |
| စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု | မြင့် | ပလပ်စတစ်၊ အသုံးအဆောင်များ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။

**လေ့လာတွေ့ ရှိချက်။** ။မိသားစုစီးပွားရေးဖွံ့ဖြိုးတိုးတတ်ရေးအတွက် မိမိတို့လက်လှမ်းမှီသော စိုက်ပျိုးရေးကိုတိုးချဲ့လုပ်ကိုင်လာကြရာတွင်သစ်တောများကိုခုတ်ထွင်ရှင်းလင်းခဲ့ကြပါသည်။စိုက်ပျိုးရာ တွင်လည်း ဓာတုပိုးသတ်ဆေးများကို စမ်းသပ်အသုံးပြုခဲ့ ကြပါသည်။ ၎င်းနောက်ပိုင်းတွင် သစ်တောပြုန်းတီးလာပြီး မြေဆီသြဇာတို့ပါ စတင်ပျက်စီးလာပါသည်။ ကျေးရွာအနီး တောတောင်တို့ကို မှီခိုနေသော တောပျော်တိရစ္ဆာန်တို့မှာလည်း တောများရှားပါးလာခြင်းနှင့် အတူယခုအခါတဖြည်းဖြည်းဖြင့် ပျောက်ကွယ်လု ဖြစ်လာခဲ့ ပသည်။ ကျေးရွာမှ မှီခိုနေရသော ရွာအနီးရှိချောင်းမှာလည်း ရေစီးကျောင်းကျဉ်းမြောင်းလာ လျှက်ရှိပါသည်။

## (၂.၇) ပညာရေး

### (၂.၇.၁) ပညာရေးနှင့် စာတတ်မြောက်မှုရ

ဇယား (၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

| အတန်းပညာပြီးမြောက်မှု | ကျား | မ | ပေါင်း | ၁၀ နှစ်နှင့်အထက် လူဦးရေ၏% |
|---|---|---|---|---|
| စာမတတ်သူဦးရေ | ၂ | ၈ | ၁၀ | ၃.၄၄% |
| ဘုန်းကြီးကျောင်းသင်ပညာရေး | ၁၁ | ၉ | ၂၀ | ၆.၈၇% |
| မူလတန်းပညာရေး မပြီးဆုံးသူဦးရေ | ၃၉ | ၃၆ | ၇၅ | ၂၅.၇၇% |
| မူလတန်းပညာရေး ပြီးဆုံးသူဦးရေ | ၆၄ | ၆၃ | ၁၂၇ | ၄၃.၆၄% |
| အလယ်တန်းပညာရေး ပြီးဆုံးသူဦးရေ | ၂၄ | ၁၉ | ၄၃ | ၁၄.၇၈% |
| အထက်တန်းပညာရေး ပြီးဆုံးသူဦးရေ | ၃ | ၅ | ၈ | ၂.၇၅% |

| အတန်းပညာပြီးမြောက်မှု | ကျား | မ | ပေါင်း | ၁၀ နှစ်နှင့်အထက် လူဦးရေ၏% |
|---|---|---|---|---|
| တက္ကသိုလ်ပညာ ပြီးဆုံးသူဦးရေ | ၄ | ၄ | ၈ | ၂.၇၅% |
| **၁၀ နှစ်နှင့်အထက် လူဦးရေပေါင်း** | **၁၄၇** | **၁၄၄** | **၂၉၁** | ၁၀၀% |

ရင်းမြစ် … အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။အေးချမ်းမြိုင်(၂)ကျေးရွာတွင် စာတတ်မြောက်မှု ရာခိုင်နှုန်းမှာ (၉၆.၅၆) ရာခိုင် နှုန်း ရှိပါသည်။ ဘွဲ့ရသူဦးရေ (၈) ဦးအထိ ရှိနေပြီ ဖြစ်သည်။ မူလတန်းပညာပြီးမြောက်မှုမှာ (၁၀) နှစ်အထက်လူဦးရေ၏(၄၃.၆၄)ရာနှုန်းထိရှိနေပြီး အလယ်တန်းနှင့် အထက်တန်းတို့တွင် သိသာစွာ လျော့နည်းလာပါသည်။ သို့သော် အထက်တန်းပညာရေးပြီးဆုံးနှုန်းမှာ (၂.၇၅)% သာ ရှိသည့်အတွက် အထက်တန်းပညာပြီးဆုံးရေးသည် ပညာရေးတိုးတက်မှုအတွက် အဓိက ဖြစ်ကြောင်း တွေ့ရသည်။

## (၂.၇.၂) လက်ရှိ ကျောင်းတက်နှုန်း

ဇယား (၃၁) လက်ရှိ ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း | စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏% |
|---|---|---|---|---|
| မူလတန်း (၅-၉ နှစ်) | ၂၄ | ၁၈ | ၄၂ | ၄၃.၇၅% |
| အလယ်တန်း (၁၀-၁၄နှစ်) | ၁၇ | ၂၀ | ၃၇ | ၃၈.၅၄% |
| အထက်တန်း (၁၅-၁၆ နှစ်ကြား) | ၄ | ၁၁ | ၁၅ | ၁၅.၆၃% |
| တက္ကသိုလ် ကျောင်းသား၊ သူ | - | ၂ | ၂ | ၂.၀၈% |

ရင်းမြစ် … (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

**လေ့လာတွေ့ရှိချက်။** ။ယခုလက်ရှိ အေးချမ်းမြိုင်(၂)ကျေးရွာ၏ ကျောင်းနေအရွယ်လေးများ ပညာသင်ယူနေမှုတွင်မူလတန်း၊အလယ်တန်းပညာရေးစနစ်တွင်အားကောင်းပြီးရင်းနောက်ပိုင်းအထက်တန်းပညာသင်ယူမှုတို့တွင် သိသာစွာလျော့နည်းသွားပါသည်။

## (၂.၇.၃) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | မူလတန်းကျောင်း | |
|---|---|---|
| ရွာမှ အကွာအဝေး(မိုင်) | ကျေးရွာတွင်း | မူလတန်းအဆင့် အခမဲ့ ပညာရေး |
| သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | မရှိ | ကျေးရွာတွင်း မူလွန်တန်းကျောင်း |

| အကြောင်းအရာ | မူလတန်းကျောင်း | | | |
|---|---|---|---|---|
| စာသင်ကျောင်း အရွယ်အစား (အလျား၊ အနံ၊အမြင့်) | ၆၀’ x ၃၀’ | | | |
| အမိုး၊ နံရံ၊ အခင်း အရည်အသွေး | သွပ်မိုး၊ အုတ်စီ၊ ကွန်ကရစ်ခင်း | | | |
| ကျောင်းသုံး ပရိဘောဂ (လုံလောက်မှု ရှိ/မရှိ) နှင့် ကျောင်းအိမ်သာ အခြေအနေ | ပရိဘောဂ လုံလောက်မှု ရှိပါသည်။ ကျောင်းအိမ်သာမှာ ရေပေါ်အိမ်သာ ဖြစ်ပါသည်။ | | | ယင်လုံအိမ်သာ ရှိသော်လည်း ပျက်စီးနေပါသည်။ |
| ကျောင်းအာဟာရတိုက်ကျွေးမှု (အာဟာရ အမျိုးအစားနှင့် ကြိမ်ရေ) | ကျောင်းဖွင့်ချိန် တစ်လတစ်ခါ။ | | | ရွာမှ အလှူရှင် / ကျောင်းမှ ကျခံ ကျွေးမွေးပါသည်။ |
| ကျောင်းဆရာ/မ ဦးရေ | **ကျား** | **မ** | **ပေါင်း** | |
| အစိုးရခန့် | ၁ | ၆ | ၇ | |
| ကျေးရွာခန့် | - | - | - | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် မူလွန်တန်းအဆင့် စာသင်ကျောင်းရှိပါသည်။ နှစ်ပေါင်းကြာသောကြောင့် အနည်းငယ်ယိုယွင်းမှု ရှိနေပြီး အမိုးပေါက်ခြင်း၊ မျက်နှာကျက်နှင့် အခင်းများ ညံ့နေပါသည်။ လတ်တလောအချိန်တွင် ကျောင်းပရိဘောဂမှာလိုအပ်မှုအနည်းငယ်ရှိပါသည်။ ကျောင်းတွင် လေခန်းတွဲယင်လုံအိမ်သာ တစ်လုံးရှိပါသည်။ ကျောင်းဝင်းအတွင်းတွင် အားကစားကွင်း မရှိပါ။ ကျောင်းတွင်လည်း အားကစားနှင့် ပတ်သက်သော ပစ္စည်းများ ထောက်ပံ့ပေးထားခြင်း မရှိပါ။ ကျောင်းတွင် တစ်လတစ်ကြိမ် အလှူရှင်မှ သို့မဟုတ် ကျောင်းအစီအစဉ်ဖြင့် အာဟာရတိုက် ကျွေးမှုများ ရှိပါသည်။

### (၂.၇.၄) ပညာရေး အခက်အခဲနှင့် ပြဿနာများ

ဇယား (၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ

| အခက်အခဲ/ ပြဿနာ | ရှင်းလင်းချက် |
|---|---|
| ကျောင်းဆရာ/မ ရရှိနိုင်မှု | လုံလောက်မှု ရှိပါသည်။ |
| တပည့် - ဆရာ အချိုး | ၂၈ - ၁ |

| အခက်အခဲ/ ပြဿနာ | ရှင်းလင်းချက် |
|---|---|
| မူလတန်းပညာ ကျောင်းထွက်နှုန်း | မရှိ |
| မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ် | မရှိ (မသန်စွမ်းသူလည်း မရှိပါ) |
| ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာ | ဗလာစာအုပ်၊ ပြဌာန်းပုံနှိပ်စာအုပ် အပြည့် အစုံ၊ ဝတ်စုံ တစ်စုံစီ ကို ပညာရေးဦးစီးဌာနမှ ပံ့ပိုးပေးပြီး၊ လေ့ကျင့်ခန်း စာအုပ်နှင့် စာရေး ကိရိယာများကို ကျောင်းသား ဝယ်သုံးရပါသည်။ |
| ဆင်းရဲသော မိသားစုများအတွက် ကျောင်းစရိတ် မတတ်နိုင်မှု | အခမဲ့ ပညာရေးစနစ်ကို အကောင်အထည် ဖော်နေသည့်အတွက် ဆင်းရဲသော မိသားစုများ အတွက်လည်း အခက်အခဲမရှိ ကျောင်း တက်ခွင့် ရနေပါသည်။ |
| ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများ လက်လှမ်းမီမှု | မရှိ |
| မိဘဆရာအသင်း၏အခန်းကဏ္ဍ | ကျောင်းကော်မတီရှိပြီး ကျောင်း၏လိုအပ်ချက်များကို ကျေးရွာ သားများနှင့် တိုင်ပင် လုပ်ဆောင်ကြပါသည်။ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**လေ့လာတွေ့ရှိချက်။** ။ အခမဲ့ ပညာရေးစနစ်ကို အကောင်အထည်ဖော်နေသည့်အတွက် ဆင်းရဲ သော မိသားစုများအတွက်လည်း အခက်အခဲမရှိ ကျောင်းတက်ခွင့် ရနေပါသည်။ မိဘဆရာ အစည်းအဝေးများ ပုံမှန်ပြုလုပ်ကြပြီး လိုအပ်ပါက ထပ်မံခေါ်ယူဆွေးနွေးပါသည်။ မိဘနှင့် ဆရာများ ပူးပေါင်းဆောင်ရွက်မှု အားကောင်းပါသည်။ ထို့အပြင် ကုန်ကျစရိတ် သက်သာသော ကလေးအားကစားကွင်း တစ်ခုလည်း လိုအပ်နေပါသည်။ ကျေးရွာ မူလွန်ကျောင်းပြီးသွားသော ကျောင်းသား၊ ကျောင်းသူများသည် ဘုတ်ပြင်းမြို့ရှိ အခြေခံပညာ အထက်တန်းကျောင်းတွင် သွားရောက်ပညာသင်ကြားနေသော်လည်း အောင်ချက် ကောင်းမွန်လာစေရန် ကျောင်းသား၊ ကျောင်းသူများအား စာကျက်ဖြစ်စေရန် တိုက်တွန်းအားပေး ရန်နှင့် စာကျက်ဝိုင်းများ ပြုလုပ်ပေးရန်အတွက် မိဘများမှ ဝိုင်းဝန်းဆောင်ရွက်ရန်မှာ အရေးပါလှပါသည်။

## (၂.၈) ကျန်းမာရေးနှင့် အာဟာရ

### (၂.၈.၁) အဖြစ်များသော ရောဂါများ

ဇယား (၃၄) အဖြစ်များသော ရောဂါများ

| # | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|---|
| | | မြင့် | နိမ့် | မရှိ | |
| ၁ | ဝမ်းပျက်ဝမ်းလျှော | | ✓ | | |
| ၂ | သွေးလွန်တုပ်ကွေး | | ✓ | | |

| # | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|---|
| | | မြင့် | နိမ့် | မရှိ | |
| ၃ | ငှက်ဖျား | | ✓ | | |
| ၄ | အသက်ရှုလမ်းကြောင်း ကူးစက်ရောဂါ | | ✓ | | |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | | | ✓ | |
| ၆ | တီဘီ | | ✓ | | |
| ၇ | ဆီးချို | | ✓ | | |
| ၈ | သွေးတိုး | | ✓ | | |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | | | ✓ | |
| ၁၀ | အာဟာရ ချို့တဲ့မှု | | | ✓ | |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | | | ✓ | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။အေးချမ်းမြိုင်(၂)ကျေးရွာအတွင်း ဖျားနာတုပ်ကွေး၊ သွေးလွန်တုပ်ကွေး ရောဂါများ အဓိက ဖြစ်ပွားလေ့ရှိပြီး ကျေးလက် ကျန်းမာရေးဌာနမှာလည်း တစ်မိုင်ခန့်သာ ဝေးကွာ ပါသည်။ သွားလာရ လွယ်ကူပြီး လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိနိုင်ပါသည်။

## (၂.၈.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၃၅) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | ကာကွယ်ဆေးထိုးခြင်း | ရှိ | မရှိ | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|
| ၁ | အဆုတ်ရောဂါ | | | |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | ✓ | | |
| ၃ | ပိုလီယိုရောဂါ | ✓ | | |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | ✓ | | |
| ၅ | ဝက်သက်ရောဂါ | ✓ | | |
| ၆ | အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု | ✓ | | |

| စဉ် | ကာကွယ်ဆေးထိုးခြင်း | ရှိ | မရှိ | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|
| ၇ | အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | ✓ | | |
| ၈ | အာဟာရပညာပေး အစီအစဉ် | ✓ | | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ အုပ်စုကျေးရွာရှိ ကျေးလက်ကျန်းမာရေးဆေးပေးခန်းမှ သားဖွား ဆရာမမှ တစ်လတစ်ကြိမ် လာရောက်၍ ကိုယ်ဝန်ဆောင်မိခင်များအတွက် စစ်ဆေးပေးခြင်းနှင့် ကလေးသူငယ်များအတွက်ကာကွယ်ဆေးတိုက်ကျွေးခြင်း စသည်တို့ လုပ်ဆောင်ပေးလေ့ရှိပါသည်။ ထို့ကြောင့်လည်း ရောဂါဖြစ် ပွားမှုများ နည်းပါးပါသည်။

### (၂.၈.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာအဝေး (မိုင်) | အခန်း/ ကုတင် (လုံလောက်မှုရှိ /မရှိ) | ကျန်းမာရေး ဝန်ထမ်းဦးရေ | ဆေးနှင့်ပတ်သက်သော အသုံးအဆောင်ပစ္စည်းများ (လုံလောက်မှု/ မလုံလောက်မှု) | မှတ်ချက် |
|---|---|---|---|---|---|
| ကျေးလက် ကျန်းမာရေး ဌာနခွဲ | ၁ မိုင် | ၃၀*၄၀*၁၂ မြေစိုက်၊သွပ်မိုး၊ထရံကာ၊လိုက် ကာကန့် (၁) ခု၊ လူနာ ခုတင် (၁) | သားဖွားဆရာမ - ၁ | လုံလောက်မှုရှိ ဆေးဘီရို တစ်ခုရှိ | ဆရာမ တစ်လ တစ်ကြိမ် ကွင်းဆင်း |
| မြို့နယ် ဆေးရုံ | ၅မိုင် | ၂၅ ခုတင် ဆန့် ဆေးရုံ | ဆရာဝန် - ၁<br>သူနာပြု - ၃<br>သားဖွားဆရာမ - ၄ | ဆေးဝါးလုံလောက် သိုလှောင်မှု ပုံစံကောင်း | |
| ဆေးဆိုင် | - | အိမ်ဆိုင်များ | ဆေးဝါးကျွမ်းကျင်သူ | လက်လှမ်းမှီမှု- ရှိ | |

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီးအကွာအဝေး (မိုင်) | အခန်း/ ကုတင် (လုံလောက်မှုရှိ/မရှိ) | ကျန်းမာရေး ဝန်ထမ်းဦးရေ | ဆေးနှင့်ပတ်သက်သော အသုံးအဆောင်ပစ္စည်းများ (လုံလောက်မှု/ မလုံလောက်မှု) | မှတ်ချက် |
|---|---|---|---|---|---|
| | | | (ဟုတ်/မဟုတ်) - မဟုတ် | သိုလှောင်ပုံစနစ်- အသင့်အတင့် | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ကျန်းမာရေးအတွက် တစ်ခုခုဖြစ်ပွားပါက တစ်မိုင်ဝေးသော ချောင်းကယုက်ကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ဘုတ်ပြင်းမြို့နယ် ဆေးရုံတို့တွင် အဓိကထား၍ သွား ရောက်ပြသပါသည်။ ကျေးလက်ကျန်းမာရေးဌာနခွဲမှ သားဖွားဆရာမသည် တစ်လတစ်ကြိမ် ကွင်းဆင်းပြီး လိုအပ်သည်များ လုပ်ဆောင်ပေးပါသည်။ ဆေးရုံတွင် ဆရာဝန် (၁) ဦး၊ ထမိန်အစိမ်း သူနာပြု (၁) ဦး၊ ထမိန်အပြာသူနာပြု (၂) ဦး၊ ထမိန်အနီသူနာပြု (၄) ဦး ရှိပါသည်။ အသေးစား ကျန်းမာရေးနှင့်ဆိုင်သော ဆေးဝါးများကို ကျေးရွာအတွင်းရှိ ကုန်စုံဆိုင် များတွင် ရရှိနိုင်ပြီး အကြီးစားကျန်းမာရေးအတွက်ကား ဘုတ်ပြင်းမြို့ပေါ် ရှိ ဆေးဆိုင်များတွင် ရနိုင်ပါသည်။

ကျေးရွာအတွက် ကျန်းမာရေးကဏ္ဍ တိုးတက်လာစေရန် လုပ်ဆောင်သင့်သည်များမှာ ကျန်းမာရေး ဝန်ထမ်းတစ်ဦး ရှိခြင်းဖြင့် ကျေးရွာရှိ အိမ်ထောင်စုများအတွက် ကောင်းမွန်သော အကျိုးသက် ရောက်မှုရှိလာပါမည်။ ထို့အပြင် ကျန်းမာ ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲများကိုလည်း အခါအားလျော်စွာ ပြုလုပ်ပေးခြင်းဖြင့် ကျေးရွာသူ/သားများ၏ ကျန်းမာရေးအသိများ တိုးတက် လာနိုင်ပါမည်။

## (၂.၉) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

### (၂.၉.၁) သောက်သုံးရေရရှိမှု

ဇယား (၃၇) သောက်သုံးရေရရှိနိုင်မှု

| ရေရရှိနိုင်မှု | အရေအတွက် | အကောင်း/ အဆိုး | လက်ရှိ/လုံလောက်မှု | | | အခြား |
|---|---|---|---|---|---|---|
| | | | နွေ | မိုး | ဆောင်း | |
| ရေတွင်း | ၄၄ | ကောင်း | ✓ | ✓ | ✓ | |
| အဝီစိတွင်း/စက်တပ် | - | - | - | - | - | |

| ရေရရှိနိုင်မှု | အရေအတွက် | အကောင်း/ အဆိုး | လက်ရှိ/လုံလောက်မှု | | | အခြား |
|---|---|---|---|---|---|---|
| | | | နွေ | မိုး | ဆောင်း | |
| အဝီစိတွင်း/တုံကင် | - | - | - | - | - | |
| မိုးရေသိုလှောင်ကန် | - | - | - | - | - | |
| မြစ်/ချောင်း | ၁၈ | သင့် | ✓ | ✓ | ✓ | |
| ရေကန် | - | - | - | - | - | |
| အခြား | - | - | - | - | - | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာအတွင်းတွင် ရေတွင်း (၄၄) တွင်း ရှိပြီး ၎င်းရေတွင်းကိုမှီခိုရသော အိမ်ထောင်စုအရေအတွက်မှာ(၅၄)အိမ်အထိရှိပါသည်။၎င်းရေတွင်းတို့မှာရေထွက်နည်းပါသည်။ကျန်အိမ်ထောင်စုများမှာရွာဘေးမှချောင်းရေကိုသုံးစွဲကြပါသည်။ယခင်ကချောင်းရေမှာသုံးစွဲရအဆင်ပြေသော်လည်းအချိန်ကြာလာသည်နှင့်အမျှရေစီးကြောင်းကျဉ်းမြောင်းလာရာယခုအခါကျေးရွာအတွက်ရေအခက်ခဲအနည်းငယ်ရှိပါသည်။

### (၂.၉.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၃၈) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သောအိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု | ရှင်းလင်းချက် |
|---|---|---|
| ရေလောင်း/ယင်လုံအိမ်သာ | ၆၄/၄ | |
| ကျင်းအိမ်သာ | ၈ | |
| မြေ/ရေပေါ်အိမ်သာ | - | |
| တောထိုင် | ၆ | |
| **စုစုပေါင်း** | ၈၂ | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် အများစုမှာ ယင်လုံအိမ်သာ ဆောက်လုပ် အသုံးပြုကြသော်လည်း အနည်းစုမှာ ယင်လုံအိမ်သာ အသုံးမပြုကြသေးပါ။ယင်လုံအိမ်သာ အသုံးပြုခြင်းသည် ကျန်းမာရေး ကဏ္ဍတွင် အလွန် အရေးကြီးပါသည်။ ထို့ကြောင့် အိမ်တိုင်းစေ့ယင်လုံအိမ်သာ ဆောက်လုပ်ကြရန်နှင့် ကျန်းမာရေး အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန်မှာ အဓိကကျနေ ပါသည်။

## (၂.၁၀) ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ဇယား (၃၉) ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

| # | ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ | ရှိ | မရှိ | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီး များ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | | ✓ | ဓလေ့ ထုံးစံအရ ဖြစ်နေပါသည်။ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်း များတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင် ဆောင်ရွက်မှု | ✓ | | ပါဝင်ခွင့်၊ ဆွေးနွေးခွင့်၊ ဆုံးဖြတ်ခွင့် များ ရရှိကြပါသည်။ |
| ၃ | လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယ ဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ | | ✓ | |
| ၄ | အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှု | ✓ | | ရဲစခန်းမှ လူကုန်ကူးမှုကာကွယ်ရေး ဟောပြောပွဲများ ပြုလုပ်ပေးခဲ့ပါသည်။ |
| ၅ | အခြား (ရှိလျှင်) | | | |

ရင်းမြစ်… (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာ၏ အုပ်ချုပ်ရေးဆိုင်ရာ စီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများ ပါဝင်မှု အားနည်းပါသည်။ သို့သော်လည်း ကျေးရွာ၏ သာရေးနာရေးကိစ္စရပ်များတွင် အားတက် သရော ပါဝင်ကြပါသည်။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှု ဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှု အားနည်းနေသေးပြီး ဟောပြောဆွေးနွေးပွဲများ ပုံမှန် ပြုလုပ်ပေးစေလိုပါသည်။

## (၂.၁၁) အခြေခံ အဆောက်အဦများ အခြေအနေ

### (၂.၁၁.၁) ကျေးရွာ၏ လမ်းတည်ရှိမှု

ဇယား (၄၀) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

| လမ်း အမျိုးအစား | အမျိုးအစား (၁/၂/၃/၄) | ကောင်း/ သင့်/ညံ့ | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု | | လမ်းအရှည် |
|---|---|---|---|---|---|---|
| | | | | ပွင့်လင်းရာသီ | တစ်နှစ်ပတ်လုံး | |
| ရွာတွင်းလမ်းမ | ၃ | ကောင်း | ၂၀၀၂ | | ✓ | ၇၅၀၀ ပေ |
| အရှေ့ပိုင်းလမ်း | | | | | | |
| အနောက်ပိုင်းလမ်း | | | | | | |
| လမ်းသွယ် (၁) | | | | | | |
| လမ်းသွယ် (၂) | | | | | | |
| ရွာချင်းဆက်လမ်း | | | | | | |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။** မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကတ္တရာလမ်း/ကွန်ကရစ်လမ်း - ၃၊ သစ်သားတံတားလမ်း - ၄

**လေ့လာတွေ့ရှိချက်။** ။အေးချမ်းမြိုင်(၂) ကျေးရွာသည် အဝေးပြေးကတ္တရာ လမ်းမကြီးဘေးတွင် တည်ရှိပါသည်။ ကျေးရွာရှိ အိမ်ထောင်စုအားလုံးသည် ထိုလမ်းမကြီး၏ နံဘေးတဘက်တချက်တွင် သာဆောက်လုပ် နေထိုင်ကြသောကြောင့် ကျေးရွာတွင် ရွာတွင်းလမ်းခွဲများ မရှိပါ။ ထိုအဝေးပြေးလမ်းမကြီး တစ်ခုသာရှိပြီး ရွာတွင်း အရှည်မှာ တစ်မိုင်ခွဲခန့် ရှိပါသည်။

## (၂.၁၁.၂)ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ

| တံတား အမျိုးအစား | အရွယ်အစား | ကောင်း/သင့်/ညံ့ | တည်ဆောက်ခဲ့သောနှစ် | အသုံးပြုနိုင်သည့်ရာသီ | |
|---|---|---|---|---|---|
| | | | | ပွင့်လင်းရာသီ | တစ်နှစ်ပတ်လုံး |
| ဆိပ်ခံတံတား | - | | | | |
| သစ်သားတံတား | - | | | | |
| ကွန်ကရစ်တံတား | - | | | | |
| ကြိုးတံတား | - | | | | |
| ရေပြွန် | - | | | | |
| | | | | | |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။အေးချမ်းမြိုင်(၂) ကျေးရွာတွင် တံတားထိုး၍ သွားလာရန်လိုအပ်သောနေရာမရှိပါ။ထို့ကြောင့် တံတား အသုံးပြုမှု မရှိပါ။

## (၂.၁၁.၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (မိုင်) | ယာဉ် အမျိုးအစား | ရာသီအလိုက် သုံးစွဲနိုင်မှု | |
|---|---|---|---|---|
| | | | ပွင့်လင်းရာသီ | တစ်နှစ်ပတ်လုံး |
| မြစ်ကြောင်း | - | - | - | - |
| ပင်လယ်ရေကြောင်း | - | - | - | - |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ၁ – လှေ၊ သမ္ဗာန် ၂ - မော်တော် ၃ - သင်္ဘော

**လေ့လာတွေ့ရှိချက်။** ။ အေးချမ်းမြိုင်(၂) ကျေးရွာတွင် ရေလမ်းကြောင်း မရှိပါ။ ကုန်းလမ်းကိုသာအဓိကအသုံးပြုကြပြီးဘုတ်ပြင်းမြို့သို့ဆိုင်ကယ်ဖြင့် မိနစ် ၂၀ ခန့်သာ မောင်းရပါသည်။

## (၂.၁၁.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | စက်လှေ | လှေ၊ သမ္ဗာန် | စက်ဘီး | မော်တော်ဆိုင်ကယ် | ဘေးတွဲဆိုင်ကယ် | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|
| အရေအတွက် | - | - | ၁၁ | ၈၄ | ၁ | ၁ | - | - |

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ အေးချမ်းမြိုင်(၂) ကျေးရွာသည် မြိတ်-ကော့သောင်း အဝေးပြေး ကတ္တရာလမ်းမကြီး၏ ဘေးတဘက် တချက်တွင် တည်ရှိသောကြောင့် လမ်းပမ်းဆက်သွယ်ရေး လွယ်ကူပြီး တစ်နှစ်ပတ်လုံး သွားလာနိုင်ပါသည်။

## (၂.၁၂) လျှပ်စစ်မီးရရှိမှု

ဇယား (၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့) | အခက်အခဲရှိ/မရှိ |
|---|---|---|---|
| မဟာဓာတ်အားလိုင်း | - | | |
| ဆိုလာစနစ် | ၇၅ | | |
| အသေးစားရေအားလျှပ်စစ် | - | | |
| ဒီဇယ်သုံးအင်ဂျင် | ၁၂ | | |
| လေစွမ်းအင် | - | | |
| ဇီဝလောင်စာ | - | | |
| ဖယောင်းတိုင် | ၃ | | |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ အေးချမ်းမြိုင်(၂) ကျေးရွာရှိ အိမ်ထောင်စု အများစုမှာ ဆိုလာမီးကို အသုံးပြုကြပါသည်။တချို့အဆင်ပြေသော အိမ်ထောင်စုများမှာ ကိုယ်ပိုင် ဒီဇယ်သုံးအင်ဂျင် မီးစက်ဖြင့် အသုံးပြုကြပြီး အိမ်ထောင်စု အနည်းငယ်သာ ဖယောင်းတိုင်မီးကို အသုံးပြုကြပါသည်။ ကျေးရွာအနေဖြင့် အိမ်တိုင်းနီးပါး ဆိုလာမီးအသုံးပြုနိုင်သောကြောင့် လျှပ်စစ်မီး ရရှိမှုအခြေအနေမှာ အခက်အခဲမရှိနိုင်ပါ။

## (၂.၁၃) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ | ဗြိုလ်တုစလောင်း | အောက်စက် |
|---|---|---|---|---|---|
| အရေအတွက် | ၁၂ | ၉ | ၃၆ | ၂၆ | - |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် မည်သည့်ဖုန်းလိုင်းမဆို ဆက်သွယ် အသုံးပြုနိုင်ပါသည်။

## (၂.၁၄) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

| လုပ်ငန်းအမည် | ဝန်ဆောင်မှု |
|---|---|
| အပန်းဖြေနိုင်သည့်နေရာများအား လက်လှမ်းမီမှု | မရှိပါ။ |
| လူမှုရေးလုပ်ငန်းများတွင် ပါဝင်မှု | အသင့်အတင့်ရှိပါသည်။ |
| ဘာသာရေးလုပ်ငန်းများတွင် ပါဝင်မှု | အားကောင်းပါသည်။ |
| အားကစားပစ္စည်းများအား လက်လှမ်းမီမှု | နည်းပါးပါသည်။ |
| ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်မှု | အသင့်အတင့် ရှိကြပါသည်။ |
| ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရေး | ဘာသာရေးဘက်တွင် အားသန်ကြပါသည်။ |
| စာကြည့်တိုက်၊ အင်တာနက်စသည်များအား လက်လှမ်းမီမှု | စာကြည့်တိုက်မရှိပါ။ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ အေးချမ်းမြိုင်(၂) ကျေးရွာတွင် အပန်းဖြေနိုင်သည့် နေရာများ၊ အားကစားကွင်းများမရှိပါ။ ကျေးရွာတွင် ပညာဒါနထောက်ပံ့ပေးမှုနှင့် စာကြည့်တိုက် မရှိပါ။ ကျေးရွာရှိ လူမှုရေး၊ဘာသာရေး၊ သာရေးနာရေး ကိစ္စများတွင် လူငယ်များ ပါဝင်လုပ်ကိုင်မှု အားကောင်းပါသည်။ ယဉ်ကျေးမှုနှင့် ဘာသာရေးဘက်တွင် ပို၍အားသန်ကြပါသည်။ ဖုန်းလိုင်း မိသဖြင့် အင်တာနက် လက်လှမ်းမီကြသည်။

## (၂.၁၅) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ

### (၂.၁၅.၁) လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု

ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

| ဝန်ဆောင်မှုများ | ရှင်းလင်းချက် |
|---|---|
| ဆက်သွယ်ရေးဆိုင်ရာ အဆောက်အဦ များအား လက်လှမ်းမီမှု | ဖုန်းလိုင်း ဆက်သွယ်ရေး ကောင်းမွန်ပါသည်။ စာတိုက်မှာ ဘုတ်ပြင်းတွင် ရှိပါသည်။ |
| အာမခံလုပ်ငန်းများအား လက်လှမ်းမီမှု | မရှိပါ။ |
| လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအစဉ် | မရှိပါ။ |
| ရဲစခန်းများအား လက်လှမ်းမီမှု | ဘုတ်ပြင်းရဲစခန်း - ၅ မိုင် |

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင်ဖုန်းလိုင်းများ ကောင်းမွန်သဖြင့် ဆက်သွယ်ရေး လွယ်ကူပါသည်။ ပင်လယ်နှင့်ဝေးကွာသောကြောင့် သဘာဝဘေးအန္တရာယ်များ ကျရောက်မှု နည်းပါးပါသည်။ ဘုတ်ပြင်းမြို့နှင့် (၅) မိုင်ခန့်သာ ကွာဝေးပြီး သွားလာရလွယ်ကူသောကြောင့် ဘုတ်ပြင်းရဲစခန်းမှ လုံခြုံရေးအကူအညီများ ရရှိပါသည်။ မှုခင်းများ ရှိပါက ဘုတ်ပြင်း ရဲစခန်း သို့သာ သွားရောက်ကြပါသည်။

### (၂.၁၅.၂) မှုခင်းဖြစ်ပွားမှု

ဇယား (၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

| | လူကုန်ကူးမှု | ခိုးမှု | မူးယစ်ဆေးသုံးစွဲမှု | အကြမ်းဖက်မှု |
|---|---|---|---|---|
| **စိုးရိမ်/သာမန်/မရှိ** | - | - | - | - |

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။အေးချမ်းမြိုင်(၂) ကျေးရွာတွင် တရားဥပဒေစိုးမိုးရေး အားကောင်းသောကြောင့် လူကုန်ကူးမှု၊ခိုးမှု၊မူးယစ်ဆေးသုံးစွဲမှု၊အကြမ်းဖက်မှုများဖြစ်ပွားခြင်းမရှိပါ။

## ၅။နောက်ဆက်တွဲများ

### ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာ- အေးချမ်းမြိုင်(၂)　　　　　　　　　　အုပ်စု- ကမာချောင်း

| | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | **ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု** | | | | | |
| | • လက်ရှိကျေးရွာအဖွဲ့အစည်း များ စွမ်းဆောင်ရည်အားနည်းခြင်း။ | • ရွာသူ/သားများ ပူးပေါင်းပါဝင်မှုမရှိခြင်း၊ဖွံ့ဖြိုးရေလုပ်ငန်းများ အတွက် အချိန်မပေးနိုင်ခြင်း၊ စွမ်းဆောင်ရည်မြှင့်သင်တန်းများမရခြင်း။ | • အလုပ်လုပ်ကိုင်နိုင်သည့်လူငယ်များရှိခြင်း၊ အမျိုးသမီးပူးပေါင်းပါဝင်မှုအားကောင်းခြင်း။ | • ကိုယ်ပိုင်အလုပ်များသာလုပ်ကိုင်ကြခြင်း။ | • စွမ်းဆောင်ရည်မြှင့်သင်တန်းများထောက်ပံ့ပေးခြင်း။ | • စွမ်းဆောင်ရည်မြှင့်သင်တန်းများထောက်ပံ့ပေးခြင်း။ |

| | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၂ | **သီးနှံထုတ်လုပ်ရေး** | | | | | |
| | • စိုက်ပျိုးနည်းပညာဗဟုသုတအားနည်းခြင်း။အဖျက်ပိုးများကျရောက်ခြင်း။ | • သွင်းအားစု၊အရင်းအနှီးလုံလောက်မှုခက်ခဲခြင်း၊မိရိုးဖလာနည်းလမ်းဖြင့်သာစိုက်ပျိုးခြင်း။ | • ရာသီပေါ်/နှစ်ရှည်သီးနှံစိုက်ပျိုးခြင်း။ဈေးကွက်လက်လှမ်းမှီခြင်း။ | • ခေတ်မှီစိုက်ပျိုးနည်းစနစ်များမရှိခြင်း။ | • လုံလောက်သောချေးငွေလုပ်ငန်းများဆောင်ရွက်ခြင်း၊သက်ဆိုင်ရာသင်တန်းများ ပေးရန်လိုအပ်ခြင်း။ | • ရင်းနှီးငွေ၊နည်းစနစ်သင်တန်း၊သွင်းအားစုပံ့ပိုးခြင်း။ |
| ၃ | **ပညာရေး** | | | | | |
| | • ကျောင်းသားများစာသင်ရန်ခက်ခဲခြင်း | • ကျောင်းသုံးပရိဘောဂလုံလောက်မှုမရှိခြင်း။ | • ရွာမှဦးဆောင်၍အလှူငွေကောက်ခံကာဆောင်ရွက်ပေးနိုင်ခြင်း။ | • ကျောင်းတွင်အလှူငွေကောက်ခံရန်တားမြစ်ထားခြင်း၊လက်သမားရှားပါးခြင်း။ | • ကျောင်းအတွက်လိုအပ်ချက် များကိုပညာရေးဌာနသို့တင်ခြင်း၊ကျေးရွာအဖွဲ့အစည်းမှပူးပေါင်းဆောင်ရွက်ခြင်း။ | • ကျောင်းသုံးပရိဘောဂ၊ခြံစည်းရိုး ထောက်ပံ့ခြင်း။ |
| ၄ | **လူငယ်နှင့်ယဉ်ကျေးမှု** | | | | | |
| | • အားကစားကွင်း၊စာကြည့်တိုက်မရှိခြင်း။ | • မြေနေရာမရှိခြင်း၊ရန်ပုံငွေမရှိခြင်း။ | • လူငယ်များပေါများခြင်း။ | • မြေနေရာမရှိခြင်း၊ရန်ပုံငွေမရှိခြင်း။ | • မြေနေရာနှင့်ငွေကြေးထောက်ပံ့ပေးရန်။ | • အားကစားကွင်း၊စာကြည့်တိုက်မရှိခြင်း။ |

| | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၅ | **သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ဘေးအန္တရာယ်လျှော့ချရေး** | | | | | |
| | • အမှိုက်စွန့်ပစ်မှု စနစ်တကျ မရှိခြင်း။ | • နည်းလမ်းမသိခြင်း။ | | • မြေနေရာမရှိခြင်း၊ မီးခိုး အနံ့မခံ နိုင်ခြင်း။ | • စွန့်ပစ်မှိုက်ကား ထားရှိခြင်း။ | • အမှိုက်စွန့်ပစ်မှု စနစ်တကျမရှိခြင်း။ |
| ၆ | **မွေးမြူရေး** | | | | | |
| | • ဝက်၊ကြက်ရောဂါ ကျရောက် သေဆုံးခြင်း၊ မြေနေရာ၊အရင်း အနှီး၊ မျိုးကောင်း မျိုးသန့်ရရှိရန် ခက်ခဲခြင်း။ | • ကာကွယ်ဆေးထိုးနှံမှု မရှိခြင်း၊ ရေခက်ခဲမှု၊ ရောဂါကျရောက်မှု၊ အချိန်မပေးနိုင်မှု၊ ဈေးကွက်ဈေးနှိမ်မှုရှိခြင်း။ | • အိမ်တွင်းမွေးမြူရန် မြေနေရာ လုံလောက်ခြင်း၊ အစာများရရှိနိုင်မှု လွယ်ကူခြင်း။ | • ကာကွယ်ဆေးနည်း စနစ်များ မသိခြင်း၊ တိုးချဲ့မြေနေရာ လုပ်ပိုင်ခွင့်မရှိခြင်း။ | • သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ပေးခြင်း၊မွေးမြူရေး အသိပညာပေး သင်တန်းများ ထောက်ပံ့ပေးခြင်း။ | • အရင်းအနှီးမတည်ငွေ၊ကုသမှု နည်းပညာ ထောက်ပံ့ခြင်း။ |
| ၇ | **စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အခြားဝင်ငွေတိုးလုပ်ငန်းများ** | | | | | |
| | • အလုပ်အကိုင် အခွင့် အလမ်းနည်း ခြင်း။ | • ရာသီပေါ်အလုပ်အကိုင်များသာ ရှိခြင်း။ | • အလုပ်လုပ်နိုင်သော အရွယ်ပေါ်များခြင်း။ | • အသက်မွေးဝမ်းကျောင်း ပညာမရှိခြင်း၊ လုပ်ငန်းလုပ်ကိုင်ရန် ကြိုတင်ငွေ မရှိခြင်း။ | • အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ အသက်မွေးဝမ်း ကျောင်းပညာပေး ခြင်း။ | • စက်မှု ၊ လက်မှု သင်တန်းများထောက်ပံ့ပေးခြင်း။ |

| | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၈ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး** | | | | | |
| | • အိမ်သာစနစ်တကျအသုံးပြုမှု မရှိခြင်း။ ချောင်းရေကိုသာအားထားရခြင်း။ | • ချောင်းနံဘေးတွင် အိမ်သာဆောက်လုပ်ပြီး အညစ်အကြေးစွန့်ပစ်ခြင်း။ | • ရေအရင်းအမြစ်၊ ရေ လှောင်ကန်ရှိခြင်း။ | • ရေပိုက်များ အသုံးပြုရန်နည်းပညာ၊ ငွေကြေး အခက်အခဲရှိခြင်း။ | • ကျန်းမာရေး အသိပညာပေးများကိုရွာရပ်မိရပ်ဖမှ ဦးစီးကာ သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။ | • ရေပိုက်၊ရေကန်ပြုပြင် အသုံး ပြုခြင်း။ |
| ၉ | **ငွေကြေးလက်လှမ်းမှီမှု နှင့် ဘဏ်လုပ်ငန်း** | | | | | |
| | • ချေးငွေအဖွဲ့ အစည်းရှိသော်လည်း လူတိုင်းချေးယူ၍မရခြင်း။ | • အိမ်ထောင်စု မှတ်တမ်းမရှိခြင်း။ | • အိမ်ထောင်စုမှတ်တမ်းရှိလျှင် ချေးငွေရနိုင်ခြင်း။ | • အိမ်ထောင်စု ပြုလုပ်ရန် နည်းလမ်းမသိခြင်း။ | • ကျေးရွာမှဦးစီး ကာ အိမ်ထောင်စု မှတ်တမ်း ရရှိအောင်ဆောင်ရွက်ပေးခြင်း။ | • နွမ်းပါးအိမ်ထောင်စု အတွက် ချေးငွေ ထောက်ပံ့ ပေးရန်။ |

# <u>အခြေခံအဆောက်အဦးနှင့်ဦးစားပေးလုပ်ငန်းများ</u>

ကျေးရွာ- အေးချမ်းမြိုင်-၂ အုပ်စု- ကမာချောင်း ရက်စွဲ- ၁.၃.၂၀၂၃

| **ဦးစားပေးအဆင့်** | **ဦးစားပေးလုပ်ငန်းများ** |
|---|---|
| ၁ | ရွာတွင်းလ်းကွန်ကရစ်ခင်းခြင်း |
| ၂ | ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း |
| ၃ | စက်ရေတွင်းတူးဖော်ခြင်း |
| ၄ | ရွာအနောက်လမ်းကွန်ကရစ်ခင်းခြင်း |
| ၅ | ကျောင်းခြံစည်းရိုးကာရံခြင်း |